ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလကွယ်၊ ကြာသပတေးနေ့၊ (4-8-2005) (၄၆၇၇)

☆ ပြည်ထောင်စုကြီးမှ ခွဲထွက်ရေးလုပ်ရပ်များကို တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပါအဝင် တစ်နိုင်ငံလုံးက ဆန့်ကျင်ရှုတ်ချလျက်ရှိ။

ရှမ်းပြည်နယ် အပါအဝင် ပြည်နယ်နှင့်တိုင်းအားလုံး ပြည်ထောင်စုကြီးအဖြစ် တည်ရှိပွဲစည်းထား ကျွန်ုပ်ဝါဒကိုင်စွဲသူစဝ်ခမ်းဖ၏လုပ်ရပ်ကို ရှမ်းပြည်နယ်မှ ရိုးသားသည့်တိုင်းရင်းသားအားလုံးက ဆန့်ကျင်ရှုတ်ချ ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ် ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ပြည်နယ်မီးသတ်တပ်ဖွဲ့၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့၊ ဆရာ ဆရာမများ၊ သူနာပြုဆရာမများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းတင်ထွေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ဝင်းနုနုသန့်၊ ဟိုပုံးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဘအေး(အငြိမ်းစား)၊ ရှမ်းပြည်နယ် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးတင့်ဆွေ၊ဖယ်ခုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးအေးသွင်ဦးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၄-၈-၂၀၀၅
(ကြာသပတေးနေ့)

ကျေးလက်ဒေသကျန်းမာရေးလုပ်ငန်းများမြှင့်တင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းအတွက် အလေးထားရသည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်း လူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏ စွမ်းအားအလိုက် အင်ပြည့်အားပြည့် ပါဝင်စွမ်းဆောင်နိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက် အဆင့်မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လွှမ်းခြုံပေးလျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီ၏(၄၃)ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ်လ ၂ရက်နေ့က ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် **ကျေးလက်ဒေသကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းသည် အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့် မြင့်မားလာအောင် ကျေးလက်ကျန်းမာရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရန်နှင့် အခြားသောဝန်ကြီးဌာနများနှင့်ပါ ပေါင်းစပ်ပြီး ကျန်းမာရေးအထောက်အကူပြု ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်သွားကြရန်** ပြောကြားသွားသည်။

နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။ ဆေးနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ခြင်းအပြင် အထူးကုဘာသာရပ် အမျိုးမျိုးအတွက်ပါ အဆင့်မြင့်သင်တန်းများကို ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အလားတူခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ခေတ်မီဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူ နိုင်ရေးအတွက်လည်း ပြည်ပသင်တန်းများသို့ စေလွှတ်၍ သင်ကြားစေလျက်ရှိသည်။

ယင်းသို့ပေါင်းစပ်ဆောင်ရွက်နိုင်မှု၏ အကျိုးရလဒ်အဖြစ် မြန်မာနိုင်ငံ၏ ဆေးပညာသမိုင်းတွင် ယခင်ကမရှိခဲ့ဖူးသေးသော နှလုံးရပ်ခွဲစိတ်ကုသမှု၊ ကျောက်ကပ်အစားထိုးကုသမှု၊ အသည်းအစားထိုးကုသမှု၊ တင်ပါးဆုံရိုးဆက်အမြှာ ခွဲစိတ်ကုသမှု၊ ပြတ်တောက်သွားသည့်လက်အား အနုစိတ်ခွဲစိတ်ကုသပြီး ပြန်ဆက်ပေးမှုစသည့် ထူးခြားသည့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း အလေးထားဖော်ဆောင်လုပ်ကိုင်လျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်မြင့်မားလာစေရေးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်နေသည့် ဝန်ကြီးဌာနများ ပူးတွဲဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူများ ကျန်းမာကြံ့ခိုင်အသက်ရှည်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်နေချိန်တွင် ကျေးလက်ဒေသ ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ရာ၌ ကျေးလက်ပြည်သူများအားလုံး ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၌ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဗျူဟာသာမဏေကျော် စာတော်ပြန်ပွဲ

ရန်ကုန် ဩဂုတ် ၃

(၁၈)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲကို ၁၃၆၇ခုနှစ်၊ နတ်တော် လဆန်း ၁ရက် (ဒီဇင်ဘာ ၁ရက်)နေ့တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပထမဆင့် အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၁၊ ၂၊ ၃၊ ၄ ရက်များတွင် နံနက် ၁၁နာရီခွဲမှ စတင်ပြုလုပ်၍ ဒီဇင်ဘာ ၇၊ ၈၊ ၉၊ ရက်တို့တွင် ရေးဖြေစာမေးပွဲ ကျင်းပရန်စီစဉ်ထားသည်။

ရေးဖြေချိန်များကို ပထမဆင့်အတွက် နံနက် ၈နာရီမှ ၁၁နာရီအထိ။ ဒုတိယဆင့်၊ တတိယဆင့်နှင့် တိပိဋကာလင်္ကာရကို မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၃နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက် ဖြေဆိုကြမည့် သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များသည်ဝင်ခွင့်ပုံစံများကို ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်၊ဗဟန်းမြို့နယ်၊ ဖုန်း-၃၈၇၃၆၁တွင် ထုတ်ယူကြ၍ သီတင်းကျွတ်လကွယ်နေ့ နောက်ဆုံးထားကာ အထက်ပါလိပ်စာသို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အနုပညာဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီပုံနှိပ်တိုက်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုတင်ပြင်ဆင်

ရှေးဦးစွာ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၌ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ချို့ယွင်းအားနည်းချက်မရှိဘဲ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း မကြာမီ ကျင်းပတော့မည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီအနေဖြင့် အဘက်ဘက်မှ လိုအပ်ချက်မရှိစေရန် ဆောင်ရွက်ကြရေးနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ ချို့ယွင်းချက်၊ အားနည်းချက်မရှိစေဘဲ အဆင့်မီရေးအတွက်ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်/ရိုက်ကူး)ဦးလှဝင်းက ဆပ်ကော်မတီဝင် အမည်စာရင်းများနှင့် လုပ်ငန်းအဖွဲ့အလိုက် အမည်စာရင်းများကို ဖတ်ကြားတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်အဖွဲ့၊ သတင်းထုတ်ပြန်ရေးအဖွဲ့၊ အသံအဖွဲ့၊ ရုပ်ရှင်မှတ်တမ်းအဖွဲ့၊ ပိုစတာ၊ ပို့စကတ်၊ လက်ကမ်းစာစောင်နှင့် နေ့စဉ်သတင်းလွှာ မျက်နှာဖုံးရေးဆွဲ ရိုက်နှိပ်ရေးအဖွဲ့၊ နေ့စဉ်သတင်းလွှာ ထုတ်ပြန်ရေးအဖွဲ့၊ မြေစိုက်ပိုစတာ စိုက်ထူရေးအဖွဲ့၊ အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့နှင့် မှတ်တမ်းတင်စာအုပ်ပြုစုရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေး ညှိနှိုင်းကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ အစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပုသိမ်မြို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တိုင်းအသင်းအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အသင်းအတွင်းရေးမှူးများနှင့်တွဲဖက်အတွင်းရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (နယ်စပ်/စည်ပင်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် အိမ်မဲမြို့သို့ ရောက်ရှိရာ မြို့အဝင်၌ပြုလုပ်သော မြို့စိမ်းလန်းသာယာလှပရေးအတွက် မိုးရာသီသစ်ပင်၊ ပန်းပင်များစိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်သည်။ သစ်ပင်၊ ပန်းပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ မြောင်းမြခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဧရာဝတီတိုင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၅၀ကျော်တက်ရောက်ကြပြီး မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ ပန်းပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အိမ်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ သုံးဆယ်တကူဆိပ်ကျေးရွာ၊ သရက်ကုန်းကျေးရွာနှင့် သီးကွင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများကဒေသဖွံ့ဖြိုးရေးအတွက် လမ်းများဖောက်လုပ်ပေးရေးနှင့် စာသင်ကျောင်းများ ဆောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က အင်းမကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာ၊ တကူဆိပ်ကျေးရွာ၊ အောင်လံကုန်းကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွတ်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဂျိမ်းစ်၊ မြောင်းမြခရိုင်အသင်းအတွင်းရေးမှူး ဒေါက်တာဌေးနိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ပုသိမ်မြို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တိုင်းအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အသင်းအတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများအားတွေ့ဆုံရာ ခရိုင်အသင်းအတွင်းရေးမှူးများက ခရိုင်တစ်ခုချင်းအလိုက် ဒေသဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားပြီးလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူးဦးကျော်ဇေယျတို့ မူဆယ်မြို့ ဆင်ဖြူဈေးရှေ့တွင်ရေဆိုးထုတ်မြောင်းပြင်ဆင်၍ သံပန်းအလှတပ်ဆင်ခြင်းနှင့် ရေဆိုးထုတ်မြောင်းတွင် အမှိုက်ဆယ် ရေတားနံရံပြုလုပ်ခြင်းလုပ်ငန်းကို ဇွန်၂၈ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

၂၀၀၅ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၅ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး "ဖွံ့ဖြိုးမှုအတွက်ပညာရေး"ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ထက်မနည်း ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူကိုကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A-4 အရွယ်အစား စာမျက်နှာ တစ်ဖက်တည်း၌ ရှင်းလင်းပြတ်သားစွာရေးသားဖော်ပြ၍ စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ(တစ်လက်မခွဲ၊ နှစ်လက်မ)သုံးပုံတို့ကို အိတ်တွင် လုံခြုံစွာထည့်ပြီး ဦးစောအောင် ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၅ရက်(ကြာသပတေးနေ့)နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မမီမီဇင်လင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ယဉ်ကျေးတဲ့ ရွှေနိုင်ငံ

❒ ပန်းတဝေဝေ နမ်းလေမွှေးလေနဲ့
အနွမ်းရယ်ပြေ ဖျန်းလေသွေးပါလို့
စမ်းရေကလေးတွေနဲ့ ဒို့တိုင်းပြည်။

❒ တောညို့မှောင် တောင်ပြာတန်းရယ်နဲ့
သောင်ကမ်းလဲ့ ပင်လယ်ပြင်မှာ
ငွေအသွင် ဘောင်ဘင်လှိုင်းတွေနဲ့
သိုင်းဖွဲ့လို့စည်။

❒ လာခဲ့ကွယ် အံ့ဩစရာကွယ့်
ယာနဲ့လယ် တပြန့်တပြောမှာ
မြကြောကမွလာ ယိမ်းသလို
စိမ်းစိုစို သီးနှံအများရယ်နဲ့
ကျောင်းကန်ဘုရား ဂူပုထိုးအမွန်တို့
လက်ညှိုးညွှန် တစ်ဖုံမလွဲပါဘူ
ဂုဏ်ကဲတဲ့ ဒို့မြေမဟီ
"ရွှေပြည်"ဟု ပုံနှိုင်း။

❒ ခင်စရာ များပါသကွယ့်
အစဉ်အလာ စကားမှာဖြင့်
မင်္ဂလာတရားလာ အသွင်ဓလေ့နဲ့
ကြင်နာသနားကာ သိမ်မွေ့ပါရဲ့
အလိမ်အကွေ့အညာ မာယာမများတတ်ပေဘူ
စိတ်ထားမြတ် လောကဇမ္ဗူမှာ
မနောအလှတူ အပြုံးအစူကင်းကာ
သဘောကဖြူ အူစင်းလို့
လူချင်းကူ အသွင်အေးတယ်
ယဉ်ကျေးတဲ့ တိုင်း။ ။

မင်းယဉ်စု

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၅ (ကြာသပတေးနေ့)

၁၃၆၇ခုနှစ်၊ ဝါဆိုလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Islands of Dhamma.
- ၈:၅၀ ၁၀။ **ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒုတိယဥက္ကဋ္ဌဆရာတော်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ ကျောက်တန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၀ ၆။ **၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ပညာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)**
- ၅:၃၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၀၀ ၉။ ကမ္ဘာ့ဝိပဿနာစေတီတော်
- ၆:၁၅ ၁၀။ ကွန်ချောင်းရေလှောင်တမံ
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၅)**
- ၇:၃၅ ၁၄။ **မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (ဗုဒ္ဓပူဇာအဖွင့်တေး အလင်္ကာဘုရားပွင့်ဦး နိမိတ်ထူး)**
- ၇:၄၅ ၁၅။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့ဝင်များ၏ ကြိုတင်ပြင်ဆင်မှုများ (ရေကူး)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ" (အပိုင်း-၉)**
- ၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တရုတ်တိုင်းရင်းဆေးနှင့် အနောက်တိုင်းကုထုံး ပေါင်းစပ်သုံးစွဲမှု ခုခံအားကျရောဂါသည်များအား ကုသရာ၌ အကျိုးရှိဟုဆို

ချန်ရှာ ဩဂုတ် ၃

တရုတ်တိုင်းရင်းဆေးနှင့် အနောက်တိုင်းကုထုံးများကို ပေါင်းစပ်သုံးစွဲကာ ခုခံအားကျရောဂါသည်များကို ကုသပေးပါက အကျိုးရှိသည်ကို တွေ့ရပြီး အိဒ်စ်ရောဂါသည်များ၏အသက်ကိုပင် ရှည်လာစေရန် ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်ဟု တရုတ်တိုင်းရင်းဆေးပညာရှင်တစ်ဦးက ပြောကြားသည်။

တရုတ်တိုင်းရင်းဆေးသည် အိဒ်စ်ဝေဒနာသည်များ၏ ကိုယ်ခံစွမ်းအားကို ကောင်းလာစေသည့်အပြင် အိပ်ချ်အိုင်ဗွီ အိဒ်စ်ရောဂါ၏ လက္ခဏာများကို သက်သာစေနိုင်ကြောင်း၊ တစ်ချိန်တည်းမှာပင် အနောက်တိုင်းဆေးဝါးများက ဗိုင်းရပ်ပိုးကို နှိမ်နင်းပေးသည်ကို တွေ့ရကြောင်း ဝန်ဂျီယန်က ပြောကြားသည်။ ၎င်းသည် တရုတ်နိုင်ငံ တိုင်းရင်းဆေးပညာ အကယ်ဒမီမှ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

ပိုမိုထိရောက်

ခုခံအားကျရောဂါ ခံစားရခါစ စောစောပိုင်းအဆင့်တွင် တရုတ် တိုင်းရင်းဆေးဝါးဖြင့် ကုသခြင်းက ပိုမိုထိရောက်မှုရှိသည်ကို တွေ့ရသည်။ ထို့အပြင် ဝေဒနာရှင်၏ နောက်ပိုင်းအဆင့်များတွင် တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးပညာကို သင့်တော်သည့် အချိုးအစားတစ်ခုစီအလိုက် တွဲဖက် ကုသမှုပေးခြင်းအားဖြင့် ထိရောက်မှုရစေနိုင်သည်ဟု ဆိုသည်။

တရုတ်တိုင်းရင်းဆေး အကယ်ဒမီက ခုခံအားကျရောဂါကုသရာ၌ သုံးစွဲမည့် ဆေးနမူနာကို ထုတ်လုပ်ထားပြီးဖြစ်သည်။ ထိုဆေးဝါးကို တရုတ်နိုင်ငံ အစားအစာနှင့် ဆေးဝါးကြီးကြပ် ထိန်းချုပ်ရေးအဖွဲ့က ဆေးရုံနှင့်ဆေးခန်းအဆင့် စမ်းသပ်သုံးစွဲကြည့်နိုင်ရန် ဖွန်လကတည်းက ခွင့်ပြုပေးထားပြီးဖြစ်သည်ဟု တိုင်းရင်းဆေး အကယ်ဒမီမှ ဒုတိယညွှန်ကြားရေးမှူး လျန်ဂျူရှန်က ပြောကြားသည်။

ထိုဆေးဝါး၏ ဖော်နည်းကားကို ဆေးပညာအကယ်ဒမီက ရှန်ဟိုင်းစန်ဇင်ယန် ဇီဝနည်းပညာကုမ္ပဏီသို့ ရောင်းချထားပြီးလည်းဖြစ်သည်။ ထိုကုမ္ပဏီသည် ခုခံအားကျဝေဒနာကု ဆေးဝါး ထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ အကုန်အကျခံကာ လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

အနောက်နိုင်ငံ ဆေးဝါးများသည် သောက်သုံးရာ၌ ဆေးအတွက်လေးရသည့်အဖြစ်များရှိနေခြင်းနှင့် စရိတ်စကြီးမားခြင်းတို့ကြောင့်လူနာများအတွက် သုံးစွဲရန် အခက်အခဲတွေ့နေရသည်။ သို့ဖြစ်၍ စရိတ်အကုန်အကျနည်းပါးပြီး ထိရောက်စွာ ကုသပေးနိုင်စွမ်းသော တရုတ်တိုင်းရင်းဆေးများကို သုံးစွဲရန် ကမ္ဘာ့ကျွမ်းကျင်သူများက အာရုံစိုက်လာကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါဒေသ၏ မြင်ကွင်းကို ကင်းလှည့်နေသော အမေရိကန်ရဟတ်ယာဉ်ပေါ်မှ ဇူလိုင် ၃၁ ရက်က မြင်တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လန်ဒန်တွင် ဗုံးခွဲရန်ကြိုးပမ်းဖွယ်ရှိသူ ၁၁ ဦးကို စစ်ဆေးမေးမြန်း အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းခံရသူတစ်ဦးကို ရောမတွင်ဖမ်းမိ

လန်ဒန် ဩဂုတ် ၂

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် ဇူလိုင် ၂၁ ရက်က ဗုံးဖောက်ခွဲမှုများ ပြုလုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်ဟု သင်္ကာမကင်းခံရသူ ၁၁ ဦးကို ဗြိတိသျှရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုစဉ်အတွင်း အီတလီအာဏာပိုင်များသည် ဗုံးဖောက်ခွဲမှု ပြုလုပ်ရန် ကြံစည်သည့်အုပ်စုတွင် ပါဝင်သည်ဟု သင်္ကာမကင်းခံရသူ ၄၆ ဦးကို ဗြိတိန်နိုင်ငံသို့ လွှဲပြောင်း ပေးအပ်နိုင်ရန် လုပ်ကိုင်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယူဆ

လန်ဒန်တွင် ဇူလိုင် ၂၁ ရက်က မြေအောက်ရထားသုံးစင်းနှင့် ဘတ်စ်ကားတစ်စီးတို့ပေါ်တွင် ဗုံးဖောက်ခွဲရန်ကြိုးပမ်းခဲ့သည့် လူလေးဦးစလုံးကို ဖမ်းဆီးရမိထားပြီ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယူဆသည်။ မြို့တော်လန်ဒန်တွင်ဇူလိုင်၇ရက်က မြေအောက်ရထားများနှင့် ဘတ်စ်ကားတို့ကို ပစ်မှတ်ထားသော ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်အကြာတွင် ဗုံးဖောက်ခွဲမှုများပြုလုပ်ရန် ကြိုးပမ်းမှုများပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၇ ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ဗုံးခွဲသူလေးဦးနှင့် ပြည်သူ ၅၂ဦး သေဆုံးခဲ့ရသည်။

ဖမ်းဆီးရမိ

လန်ဒန်တွင် ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် သင်္ကာမကင်းဖွယ်ရာ တိုက်ခိုက်ရေးသမားများကို ရှာဖွေနိုင်ရန် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းခဲ့ကြသည်။ ဗုံးခွဲသူ လေးဦးအနက် သုံးဦးကို ဗြိတိန်နိုင်ငံတွင် ဖမ်းဆီးရမိခဲ့ပြီး အခြားတစ်ဦးကို အီတလီနိုင်ငံ ရောမမြို့တွင် ဖမ်းဆီးရမိခဲ့သည်။

အီတလီတွင်ဖမ်းဆီးထားသောအိုစမာ ဟူစိန်ဆိုသူကို ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရန် အီတလီအာဏာပိုင်များက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြို့တော်လန်ဒန်တွင် လုံခြုံရေးတင်းကျပ်ထားပြီး အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်ဖွယ်ရှိမှုအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဩဂုတ် ၃ရက်အထိ ၁၈၂၀ ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၃

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဩဂုတ် ၃ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၈၂၀ ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနကဖော်ပြသည်။

ယင်းတို့အနက် ၁၄၀၄ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင် အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၂၊ အီတလီ ၂၅၊ ယူကရိန်း ၁၈၊ ပိုလန် ၁၇၊ ဘူဂေရီးယား ၁၃၊ စပိန် ၁၁၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့်နယ်သာလန်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့်လတ်ဗီးယားတစ်ဦးစီ သေဆုံးခဲ့ကြောင်းသိရသည်။ ***အင်တာနက်။***

ဂျက်လေယာဉ် မီးလောင် ၂၄ ဦး ဒဏ်ရာရ

အော့တဝါ ဩဂုတ် ၃

အဲယားဖရန့် ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် အင်္ဂါနေ့ မွန်းလွဲပိုင်းက ကနေဒါနိုင်ငံ တိုရွန်တိုမြို့ ပီယာဆန်လေဆိပ်တွင် ဆင်းသက်ရန် ကြိုးစားစဉ် လေယာဉ်ပြေးလမ်းကို လွန်ထွက်သွားပြီး မီးလောင်ကျွမ်းရာ ၂၄ဦး ဒဏ်ရာအနည်းငယ်စီ ရရှိကာ သေဆုံးသူမရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ခရီးသည် ၂၉၇ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၂ဦးလိုက်ပါလာသည့် ယင်းလေယာဉ်သည် ပါရီမှ တိုရွန်တိုသို့ ပျံသန်းလာခြင်းဖြစ်သည်။

အေ-၃၄၀ ဂျက်လေယာဉ်တွင် ပါလာသည့် ခရီးသည် အားလုံးသည် လေယာဉ် မီးမလောင်မီအပြင်သို့ ထွက်နိုင်ခဲ့ကြောင်း တိုရွန်တိုလေဆိပ် အာဏာပိုင် ပူးပေါင်းဆောင်ရွက်မှု ရေးရာဌာနမှ ဒုတိယဥက္ကဌ စတီဗီရှောက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီးရှိ ဘီလပ်မြေစက်ရုံတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တော်နေဒိုမုန်တိုင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တွင် တိုက်ခတ်

လန်ဒန် ဩဂုတ် ၂

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်ဒေသတွင် တစ်နာရီလျှင်မိုင်၁၃၀နှုန်းအထိပြင်းထန်သောတော်နေဒိုလေဆင်နှာမောင်းတစ်ခုသည် ဇူလိုင် ၂၈ရက်က တိုက်ခိုက်ခဲ့သည့်အတွက် အိမ်ခေါင်မိုးများ ပြုတ်ထွက်ကုန်ပြီး သစ်ပင်များပြိုလဲကာ လူအချို့လည်းပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ကြကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ကူညီ

မြို့ပြဆိုင်ရာအာဏာပိုင်များက အိုးအိမ်မဲ့ဖြစ်ရသည့်ဒုက္ခသည်များအတွက် အရေးပေါ်နေထိုင်စရာများ စီစဉ်ပေးထားချိန်တွင် ကယ်ဆယ်ရေးလုပ်သားများက အိမ်အပြိုအပျက်များအတွင်း ရှင်းလင်းရေး လုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။

လေဆင်နှာမောင်းကျရောက်ချိန်မှာ မကြာလိုက်သော်လည်း လေကြမ်းကျရာလမ်းတစ်လျှောက်တွင် ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့သည်။

တွေ့ရ

အိမ်တစ်လုံး၏သုံးဆမကကြီးမားသော လေဆင်နှာမောင်းကြီး မိမိတို့နေထိုင်ရာအရပ်သို့ တိုက်ခတ်လာသည်ကို တွေ့လိုက်ရသည်ဟု ၁၂နှစ်အရွယ်ကျောင်းသားကလေး နာဗီအာမက်က သတင်းစာကို ပြောပြသည်။

အပြိုအပျက်များကို သန့်ရှင်းရေးလုပ်နေစဉ်လျှပ်စစ် ဓာတ်အား ဖြန့်ဝေရေး လုပ်ငန်းများကို ရပ်ဆိုင်းထားမည် ဖြစ်ကြောင်းရဲတပ်ဖွဲ့မှလာသောသတင်းများက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဖော်လူဂျာတွင် ခုခံတိုက်ခိုက်မှု ပိုမိုများပြားလာ

ဘဂ္ဂဒက် ဩဂုတ် ၂

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လာမည့်လအနည်းငယ်အတွင်း ခုခံတိုက်ခိုက်မှုများ ပိုမိုများပြားလာမည်ဟု မျှော်လင့်ရကြောင်း အမေရိကန်တပ်မှူးတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဖော်လူဂျာမြို့သည် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ပြုရာမြို့အဖြစ်သို့ ပြန်လည်ရောက်ရှိမသွားစေရန် မိမိတို့ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယင်းမြို့ရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏တပ်မှူး ဗိုလ်မှူးကြီးမာ့ခ်ဂျာဂန်နပ်စ်က ပြောကြားသည်။ လာမည့် လအနည်းငယ်တွင် အီရတ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေ အပြောင်းအလဲများ ရှိလာနိုင်ခြင်းကြောင့် ဖော်လူဂျာမြို့တွင်းနှင့် ဖော်လူဂျာ အနီးတစ်ဝိုက်ဒေသတို့တွင် ခုခံတိုက်ခိုက်မှုများ ပိုမိုများပြားလာဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

နီပေါတွင်ဗုံးပေါက်ကွဲ၊ ကလေးသုံးဦး ဒဏ်ရာရ

ခတ္တမန္ဒူ ဩဂုတ် ၂

နီပေါနိုင်ငံ အလယ်ပိုင်းတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် ကလေးသုံးဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ ဖောက်ခွဲရေးပစ္စည်းများသည် ပြောက်ကျားများ၏ လက်ချက်ဟုယူဆရကြောင်း နီပေါဘုရင်တပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ဒဏ်ရာရရှိသူ ကလေးများသည် အသက် ၁၀ နှစ်အောက်အရွယ်များဖြစ်ကြသည်။ ခတ္တမန္ဒူမြို့၏ အနောက်ဘက်ကီလိုမီတာ ၂၀၀အကွာ ဘီအာဆိုဒေသတွင် တနင်္လာနေ့၌ ကလေးများသည် ကျကျန်နေသော အဆိုပါဗုံးဖြင့် ကစားခဲ့ကြစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု နီပေါဘုရင်တပ်ဖွဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြောကြားချက်ကို သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ဒဏ်ရာရရှိခဲ့သော ကလေးများကို နာရာယာနီဒေသရှိဆေးရုံသို့ တင်ခဲ့ကြောင်း၊ ထိုကလေးများအနက် တစ်ဦးသည်အခြေအနေဆိုးရွားကြောင်း အဆိုပါ တပ်ဖွဲ့က ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်၌ ပြည်ပတပ်ဖွဲ့များရှိနေမှုကြောင့် ခုခံမှုများ ပိုမိုဖြစ်ပွား

လန်ဒန် ဩဂုတ် ၂

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များ ရှိနေခြင်းသည် ဆွန်နီတို့ ဦးဆောင်သောသောခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန် အကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း၊ ခုခံတိုက်ခိုက်မှုများကြောင့် ပြည်သူရာပေါင်းများစွာသေဆုံးရကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စ်ထရောက လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

အီရတ်နိုင်ငံမှ ပြည်ပတပ်ဖွဲ့များရုပ်သိမ်းပေးရန် လမ်းဖွင့်ပေးသည့် အနေဖြင့် ယင်းနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲမှုလုပ်ဆောင်ရန် အရေးကြီးကြောင်း ဂျက်စ်ထရောက အင်္ဂါနေ့တွင်ထုတ်ဝေသော ဖိုင်နန်ရှယ်လ်တိုင်းမ်စ်သတင်းစာတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ ဂူဂျာရတ် ပြည်နယ် သီးနှံစိုက်ခင်းတစ်ခုတွင် ရွှေဖရုံသီး ဆွတ်ခူးနေသော တောင်သူများကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားသတင်းများ

ကမ္ဘောဒီးယားတွင် အိပ်ချ်အိုင်ဗွီ/အိဒ်စ်ကြောင့် နှစ်စဉ် ဒေါ်လာ သန်း ၁၀၀ ခန့် ဆုံးရှုံး

ဖနောင်ပင် ဩဂုတ် ၂

ကမ္ဘောဒီးယားနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း၁၀၀ခန့် ဆုံးရှုံးမှုရှိကြောင်း၊ အဆိုပါဆုံးရှုံးမှုကြောင့် နိုင်ငံစီးပွားရေးနှင့် လူဦးရေမှာလည်း ထိခိုက်မှုဖြစ်ပေါ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား အေအိုင်ဒီအက်စ်အာဏာပိုင် အဖွဲ့(အင်န်အေအေ)၏ ဖော်ပြချက်များအရ သိရှိရသည်။

လွန်ခဲ့သော သုံးနှစ်အတွင်း အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါ ကူးစက်မှုသည် ကျဆင်းခဲ့သော်လည်း အဆိုပါ ဆုံးရှုံးမှုမှာ ယခုတိုင် ဆက်လက်ရှိနေကြောင်း အင်န်အေအေ အဖွဲ့ တာဝန်ရှိပုဂ္ဂိုလ် ခမ်ဆန်၏ ပြောကြားချက်ကို ကိုးကား၍ ကမ္ဘောဒီးယားသတင်းစာက တနင်္လာနေ့တွင် ရေးသား ဖော်ပြခဲ့သည်။

ဆင်းရဲလာ

၁၉၉၉ခုနှစ် ကာလကတည်းက စတင်၍ ကမ္ဘောဒီးယားနိုင်ငံသည် နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း၁၀၀ ကိုထုတ်ပေးခဲ့သည်။ အစိုးရ၏ ရန်ပုံငွေ လျာထားမှုမှာ နည်းပါးနေခြင်းကြောင့် ရောဂါကုသရန်အတွက် ပြည်သူများသည် ငွေကုန်ကြေးကျများပြားခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရခြင်းကြောင့် ပြည်သူများမှာလည်း ဆင်းရဲတွင်းနက်လာခြင်းဖြစ်သည်ဟုဆိုသည်။

သုံးစွဲ

အစိုးရသည် ဝန်ဆောင်မှုများတွင် ကန့်သတ်သော အရေအတွက်သာ ထောက်ပံ့နိုင်သောကြောင့် ရောဂါ ဖြစ်ပွားသူများသည် မိမိတို့ငွေကြေးဖြင့်သာ ရောဂါကို ကုသကြရသည်။ ရောဂါ ဖြစ်ပွားနေသူများ ဆေးဝယ်ယူရာတွင်လည်းကောင်း၊ အစားအသောက်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရာတွင်လည်းကောင်း၊ မိဘများသည် အိဒ်စ်ရောဂါကြောင့် သေဆုံးပြီး မိဘမဲ့ဖြစ်နေသူများကို ကူညီထောက်ပံ့ရာတွင်လည်းကောင်း ငွေကြေးမလုံမလောက်ဖြင့် သုံးစွဲကြရသည်။

ခန့်မှန်း

ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင် လာမည့် ငါးနှစ်အတွင်း၌ နှစ်စဉ် အိပ်ချ်အိုင်ဗွီ/အိဒ်စ် ရောဂါကြောင့် သေဆုံးသူ ၂၀၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အိပ်ချ်အိုင်ဗွီ/အိဒ်စ်ကြောင့် သေဆုံးသူ ၉၀၀၀၀ ခန့် ရှိခဲ့ပြီဖြစ်သည်။

အမ်အင်အေ/ဆင်ဟွာ။

ဗီယက်နမ်တွင် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းကျဆင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်

ဟနွိုင်း ဩဂုတ် ၂

ဗီယက်နမ်တွင် အနာကြီးရောဂါ ဖြစ်ပွားမှုနှုန်းသည် ၁၉၉၅ ခုနှစ်တွင် လူဦးရေ ၁၀၀၀၀ လျှင် ပျမ်းမျှအားဖြင့် သုည ဒသမ ၇ ဦးသာဖြစ်ပွားခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်ကမူ လူဦးရေ ၁၀၀၀၀ လျှင် ပျမ်းမျှအားဖြင့် တစ်ဦးနှုန်းရှိခဲ့ရာ အဆိုပါနိုင်ငံ၏ အနာကြီးရောဂါ ဖြစ်ပွားမှုနှုန်းသည် သိသာစွာကျဆင်းသွားကြောင်း ဗီယက်နမ်အစိုးရ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနာကြီးရောဂါတိုက်ဖျက်ရေး ရည်မှန်းချက်မှာ လူဦးရေ ၁၀၀၀၀ လျှင် အနာကြီးရောဂါ ဖြစ်ပွားသူတစ်ဦးထက် ကျော်လွန်ခြင်း မရှိစေရန် သတ်မှတ်ထားကြောင်း၊ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံတွင် ထိုသတ်မှတ်ချက်အောက် လျော့နည်းကျဆင်းခဲ့သည်ဟု ဗီယက်နမ် နယူးအေဂျင်စီ၏ တနင်္လာနေ့ သတင်းတွင် ရေးသား ဖော်ပြထားသည်။

ကုသပေး

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက အနာကြီးရောဂါဝေဒနာရှင်များကို ကုသပေးခဲ့ရာ လူ ၂၃၃၇၀ နီးပါးမှာ အဆိုပါ ရောဂါဝေဒနာမှ ပျောက်ကင်းချမ်းသာရခဲ့ကြောင်း၊ ထိုအချိန်က အခြားအနာကြီး ရောဂါဝေဒနာရှင် ၁၀၀၀၀ ကျော်သည် ကိုယ်လက်ချွတ်ယွင်းမှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းတို့အတွက် နှစ်စဉ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် အနာကြီးရောဂါ လုံးဝပပျောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လူမှုရေးဆောင်ရွက်ချက်များတွင် ပါဝင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဝေးလံလှသော နေရာနှင့် ကျေးလက်ဒေသများတွင်ပါ အနာကြီးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် အဆိုပါ ရောဂါကြောင့် ကိုယ်လက်အင်္ဂါ ထိခိုက်သွားသော ဝေဒနာရှင်များအတွက် လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးမည် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သြစတြေးလျနိုင်ငံ မြို့ကြီးများတွင် လုံခြုံရေးတိုးမြှင့်ရန် စီမံ ဆစ်ဒနီတွင် တိုက်ခိုက်ရေးရဟတ်ယာဉ်များ ထားရှိ

မဲလ်ဘုန်း ဩဂုတ် ၂

သြစတြေးလျနိုင်ငံသည် အကြီးဆုံး မြို့ကြီးများအနီးတွင် ရဟတ်ယာဉ် တပ်ဖွဲ့ချထားခြင်းအားဖြင့် လုံခြုံရေးအနေအထားကို ပိုမိုမြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း သြစတြေးလျကာကွယ်ရေးဝန်ကြီး ရောဘတ်ဟီးလ်က ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

ပြောင်းရွှေ့နေရာချ

ဆစ်ဒနီမြို့အနီးတွင် ရဟတ်ယာဉ် အုပ်ခွဲတစ်ခွဲကို ပြောင်းရွှေ့နေရာချထားမည်ဖြစ်သည်။ ဘလက်ဟော့ခ် အမျိုးအစားရဟတ်ယာဉ် ၁၂ စင်းနှင့် တပ်ဖွဲ့အင်အား ၂၀၀ ခန့်ကို တောင်းဗီးမြို့မှ ရှေ့နှစ်ကုန်တွင် ပြောင်းရွှေ့နေရာချထားမည်ဖြစ်ပြီး အထူးတပ်ဖွဲ့များ၊ ကွန်မန်ဒိုတပ်ဖွဲ့များနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဟုဆိုသည်။

တုံ့ပြန်ဟန့်တား

နည်းဗျူဟာတိုက်ခိုက်ရေးတပ်ဖွဲ့များ၏ တာဝန်မှာ နိုင်ငံကို ခြိမ်းခြောက်လာမည့် အကြမ်းဖက်မှုများကို တုံ့ပြန်ဟန့်တားရန်ပင်ဖြစ်သည်ဟု ဟီးလ်က ပြောကြားသည်။

ဆစ်ဒနီမြို့အနီးတွင် ရဟတ်ယာဉ်အုပ်ခွဲရှိနေသဖြင့် အရေးရှိလျှင် မြို့၏ မည်သည့်နေရာသို့မဆို မိနစ်ပိုင်းအတွင်း အရောက်သွားနိုင်သည်။ ထို့အပြင် ဘရစ်စဘိန်း၊ မဲလ်ဘုန်းနှင့် ကင်ဘာရာမြို့ကြီးများသည် ဆစ်ဒနီမြို့နှင့် အလှမ်းမကွာဝေးသော နိုင်ငံ၏ အရှေ့တောင်ဘက်ကမ်းခြေတွင် တည်ရှိကြသဖြင့် လက်လှမ်းမီတုံ့ပြန်နိုင်ရန် ရဟတ်ယာဉ်များကိုဆစ်ဒနီတွင် ချထားရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ရည်ရွယ်

စစ်မဲ့သောငြိမ်းချမ်းရေးကာလတွင် သြစတြေးလျနိုင်ငံမြေပေါ်၌ တိုက်ခိုက်မှု တစ်ကြိမ်တစ်ခါမျှ ပေါ်ပေါက်ခဲ့ဖူးခြင်း မရှိသော်လည်း သြစတြေးလျနိုင်ငံပြင်ပတွင်သြစတြေးလျတိုက်သားများကို ရည်ရွယ်သော တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်နှင့်ကြုံကြရသည်။ ၂၀၀၂ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖြစ်ခဲ့သော ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၀၂ ဦးအနက် သြစတြေးလျတိုက်သား ၈၈ ဦးပါဝင်ခဲ့ပြီး ၂၀၀၄ ခုနှစ်ကလည်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ သြစတြေးလျသံရုံးကို ဗုံးခွဲတိုက်ခိုက်ခံခဲ့ရပြန်သည်။

အစီအမံများထားရှိ

ထို့အပြင် မကြာသေးမီရက်များအတွင်းက လူအသေအပျောက်များသော လန်ဒန်မြို့ ဗုံးဖောက်ခွဲမှုကြီး ဖြစ်ပေါ်ခဲ့ပြီးနောက် သြစတြေးလျ အာဏာပိုင်များအတွင်း ကြိုတင်ကာကွယ်ရေး အစီအမံများထားရှိရန် တိုက်တွန်းမှုများရှိလာခဲ့သည်။ ယခု အစီအမံသည် ထိုတိုက်တွန်းမှုများကြောင့် ပေါ်ထွက်လာသော ရလဒ်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်တွင် နှစ်ရက်အတွင်း ကန် ရဟတ်ယာဉ်နှစ်စင်း ပျက်ကျ

ကဘူး ဩဂုတ် ၂

အမေရိကန်အပါချီ ရဟတ်ယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံ၌ လေ့ကျင့်ပျံသန်းနေစဉ် ပျက်ကျခဲ့သည့်အတွက် ယာဉ်အဖွဲ့သားနှစ်ဦး ဒဏ်ရာ ရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိမှန်ခံရ

ဇူလိုင်၂၉ရက်က အေအိပ်ချ် ၆၄ ရဟတ်ယာဉ် ပျက်ကျသော နေရာမှာ ကဘူးမြို့တော် မြောက်ဘက်ရှိ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ အဓိက စစ်စခန်းကြီး တည်ရှိရာ ဘာဂရမ်အရပ်တွင်ဖြစ်သည်။ ဇူလိုင် ၃၀ရက်တွင်လည်း အူရူဇ်ဂန်ပြည်နယ်၌ ကင်းလှည့်နေသော ကန်တပ်ဖွဲ့သည် လက်လုပ်ဗုံး ထိမှန်ခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ၎င်းတို့၏ စကားပြန်တို့ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ပျက်ကျ

အမေရိကန်တပ်ဖွဲ့များက တာလီဘန်အစိုးရကို ဖြုတ်ချရန် ၂၀၀၁ခုနှစ် နှောင်းပိုင်းတွင် အာဖဂန်ကို တိုက်ခိုက်ခဲ့ချိန်မှ ယနေ့အထိ ထိုနိုင်ငံအတွင်း၌ ပျက်ကျခဲ့ရသော ရဟတ်ယာဉ် စင်းရေမှာ အနည်းဆုံး တစ်ဒါဇင်ကျော် ရှိပြီဖြစ်သည်။ ထိုရဟတ်ယာဉ်များသည် စက်မှုပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ၊ ပျံသန်းရသောဒေသ၏ အခြေအနေနှင့် တစ်ဖက်ရန်သူ၏ ပစ်ခတ်မှုတို့ကြောင့် ပျက်ကျရခြင်း ဖြစ်သည်။ နောက်ဆုံးပျက်ကျရသော ရဟတ်ယာဉ်ကိစ္စမှာ ရန်သူ၏ပစ်ခတ်မှုကြောင့် ပျက်ကျရခြင်းမဟုတ်ဟု ယုံကြည်ထားကြောင်းသိရသည်။ ထိုရဟတ်ယာဉ် မပျက်မီ သောကြာနေ့က အာဖဂန် တောင်ပိုင်းတွင် ခုခံရေးသမားများကို လိုက်လံနှိမ်နင်းစဉ် ကန်တို့၏ အကြီးစား ချင်းနွတ်အိပ်ချ်-၄၇ရဟတ်ယာဉ်ကြီး မြေပြင်သို့ဆောင့်၍ ကျခဲ့သဖြင့် ပျက်စီးသွားခဲ့ရသေးသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရန်တွင် မူးယစ်ဆေးဝါး ၄၇၂ ကီလိုသိမ်းဆည်း

တီဟီရန် ဩဂုတ် ၂

အီရန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် နိုင်ငံအရှေ့တောင်ပိုင်းရှိ ကာမင်ပြည်နယ်တွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း မူးယစ်ဆေးဝါး ၄၇၂ ကီလိုကို သိမ်းဆည်းလိုက်ကြောင်း နိုင်ငံပိုင် အိုင်အာအင်အေ သတင်းဌာနကစနေနေ့တွင်ဖော်ပြသည်။

သိမ်းဆည်းလိုက်သည့် မူးယစ်ဆေးဝါးများတွင် မော်ဖင်း ၂၇၄ ကီလိုနှင့်ဘိန်း ၁၉၈ ကီလိုပါဝင်ကြောင်း နယ်မြေခံ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အီဘရာဟင်ရာ ဟီမီနာဆရာဘာဒီ၏ပြောကြားချက်ကိုကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးသူ ၁၁ ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း နာဆရာဘာဒီက ပြောကြားသည်။ တရားဝင်ထုတ်ပြန်သော စာရင်းများအရ အီရန်နိုင်ငံတွင်မူးယစ်ဆေးစွဲနေသူနှစ်သန်းထက်မနည်းရှိကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၏ အနောက်တောင်ဘက် ၃၅၄ မိုင်ရှိ ဒူဒါအွန်ဒေသတွင် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးလက်စက်ရေတွင်းများ ရာသက်ပန်သုံးစွဲနိုင်ရေး အစဉ်ပြုပြင်ထိန်းသိမ်းပေး

“ရေတွင်းက အခုလို ရေမှုတ်လိုက်တော့လည်း ရေအထွက် ပြန်လိုက်လာသားပဲနော်။ စ,တူးစဉ်တုန်းက အတိုင်းလိုပဲ၊ တစ်ရွာလုံး ဝမ်းသာနေကြမှာ မြင်ယောင်သေးဗျ၊ အစ်ကိုက တယ်တော်တာပဲနော်”

စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး သင်တန်းဆင်း ပခုက္ကူ မြို့နယ် ကံပေါက်စုကျေးရွာမှ ရေပေးရေးကော်မတီဝင် မောင်ပြုံးချိုက သူတို့ရွာ စက်ရေတွင်း ရေထွက်ကျဆင်းလာမှုအား လာရောက်ပြုပြင် ပေးနေသော ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြုပြင်ထိန်းသိမ်းရေး ဌာနစိတ်မှ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးအေးကိုအား ချီးမွမ်း လိုက်ခြင်းဖြစ်သည်။

“ဒါက ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာပဲ ငါ့ညီရ၊ စက်ရေတွင်းတွေ မောင်းလာဖန်များတော့ ရေကြောထဲမှာရှိတဲ့ သဲတွေက ပိုက်မှာရှိတဲ့ ဆန်ခါပေါက်ကို လာပိတ်ဆို့ပြီး ရေထွက်နည်းကုန်တာပေါ့၊ ဆန်ခါတွေ ပွင့်သွားအောင် လေဖိအားနဲ့ မှုတ်ထုတ်ပြီး ဆေးကြောပေးလိုက်ရင် ရေအလိုက် ပြန်မှန်တာပေါ့ကွာ၊ အမြဲတမ်း စစ်ဆေးပြုပြင်ပေးနေရင် ရေထွက်နှုန်း မကျတော့ပါဘူး။ ဒီအခြေခံတွေလည်း မင်းတို့သင်တန်း တုန်းက အစ်ကိုတို့ သင်ပေးထားသားပဲ မဟုတ်လား၊ တွင်းရဲ့ချွတ်ယွင်းချက် တွေကို စစ်ဆေးပြီး ချွတ်ယွင်းချက်တွေ့ပြီဆိုရင် အစ်ကိုတို့ကို အခုလို လာပြင်ပေးနိုင်အောင် သတင်းပို့ပေးဖို့လိုတာပေါ့ကွာ၊ ဟောဟိုမှာ ရေပေးရေးကော်မတီဥက္ကဋ္ဌ ဘကြီးဖြိုးတောင် ရောက်လာနေပြီ”

“ဘယ်လိုလဲ ဆရာအေးကို၊ ပြင်လို့ရရဲ့လား၊ ရွာသားတွေက ရေတဖြည်းဖြည်းအထွက်နည်းလာလို့ စိုးရိမ်နေကြတာ၊ မိုးကလည်း မရွာသေးတော့ ဆရာတို့လာတူးပေးထားတဲ့ ဒီရေတွင်းပဲ အားကိုးနေရတာ မဟုတ်လား၊ အခုကောင်းသွားပြီလား”

“ဟုတ်ကဲ့ ကောင်းသွားပါပြီ ဘကြီးဖြိုး၊ ရေကြောထဲက သဲမှုန် တွေ ဆန်ခါကိုပိတ်နေလို့ ရေအထွက် ကျသွားတာပါ၊ အခုမှုတ်ထုတ်လိုက် တော့ ဆန်ခါပြန်ပွင့်ပြီး ရေအထွက်လိုက်လာပါပြီ၊ လုပ်ကိုင်နေရင်းနဲ့ မောင်ပြုံးချိုကိုလည်း နားလည်အောင် ပြပေးခဲ့ပါတယ်။ အင်ဂျင်စက် ကတော့ မောင်ပြုံးချိုက အမြဲဂရုစိုက် ထိန်းသိမ်းမောင်းနှင်နေတော့ ချွတ်ယွင်းမှုသိပ်မရှိပါဘူး၊ ချောဆီအချိန်မှန်လဲ၊ စက်ဆီသန့်သန့်သုံးပြီး ရိုရိုသေသေ မောင်းနှင်ရင် အကြာကြီးသုံးရပါတယ် ဘကြီးဖြိုး”

“အေး မောင်ပြုံးချိုကတော့ တယ်အားကိုးရတာပဲ မောင်ရာ၊ ဆရာတို့ သင်တန်းပေးလိုက်တဲ့အတိုင်း တစ်သဝေမတိမ်း စနစ်တကျ

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး အလှူငွေပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျေးလက်ဒေသ သန့်ရှင်း သော သောက်သုံးရေ ရရှိရေး ဒသမအကြိမ် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က လှူဒါန်းသည့် အလှူငွေ ကျပ် နှစ်သိန်းငါးသောင်းကို လက်ခံ စဉ်။

မောင်ဘဖေ (ဥဿာ)

ကိုင်ပါတယ်။ ကျန်တဲ့ အရန်စက်မောင်းလေးတွေကိုလည်း သူပဲ ပြန်သင်ပေးနေတာ”

“တော်လိုက်တာ ဘကြီးဖြိုးရယ်၊ အားကိုးထိုက်ပါပေတယ်၊ အဲဒီ အရန်စက်မောင်းလေးတွေကိုလည်း စနစ်တကျတတ်သွားအောင် ဒီလ ကုန်မှာ ဖွင့်မယ့် စက်ပြုပြင်ထိန်းသိမ်းရေးသင်တန်းကို လွှတ်ပေးဦးနော် ဘကြီးဖြိုး”

“အေး...အေး လွှတ်ပေးမယ်၊ စိတ်ချ၊ နားလည်တတ်ကျွမ်းတဲ့သူ များများရှိမှ ရွာမှာအကျိုးရှိမယ်မဟုတ်လား၊ ဩော်–ဒါနဲ့တစ်နေ့က တီဗွီ ထဲမှာ ရေပေးရေးအလှူငွေပေးအပ်ပွဲ လုပ်တာတွေ့လိုက်ရတယ်။ ဒို့အပူပိုင်း ဒေသတွေမှာ ရေတွင်းရေကန်တွေ ထပ်ရဦးမှာပေါ့နော်၊ ကောင်းတယ် သာဓု...သာဓု”

“ဟုတ်ပါတယ် ဘကြီးဖြိုး၊အခုအကြိမ်က ဒသမအကြိမ်ရှိသွားပြီ၊ ဒီတစ်ကြိမ်မှာလည်း အလှူရှင် ၁၈၀က အလှူငွေပေါင်း ကျပ် ၁၂၀၈သိန်း ကျော်နဲ့ အမေရိကန်ဒေါ်လာ ၄၀၀၀ လှူဒါန်းခဲ့တယ်လေ၊ ယခင်လှူဒါန်းခဲ့တဲ့ ငွေတွေနဲ့ပေါင်းလိုက်ရင် ငွေကျပ်သိန်းပေါင်း ၁၁၇၃၉ဒသမ ၂၂၉ သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ ယူရိုငွေ ၇၇၀နဲ့ အက်ဖ်အီးစီ ၁၀၀၁၂ ရှိသွားပြီ၊ မှတ်လို့လွယ်အောင်ပြောရရင် အလှူရှင်ပေါင်း ၁၅၁၅ဦးက အလှူငွေပေါင်း ကျပ် ၁ ဒသမ ၂ ဘီလီယံနီးပါး လှူဒါန်းခဲ့ပါတယ်၊ ဘယ်လောက်သဒ္ဓါတရား ထက်သန်ပြည့်ဝတဲ့ အလှူရှင်တွေလည်းနော် ဘကြီးဖြိုး”

“ဟုတ်တယ်ကွ၊ ဒို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ အားပေးမြှင့်တင်မှုနဲ့ အတူ ဒီလိုအလှူရှင်တွေ အများကြီးပေါ်ထွန်းလာလို့ အပူပိုင်းဒေသ ရေခက်ခဲတဲ့ ကျေးရွာတွေမှာ ရေငတ်မွတ်ရှားပါးတဲ့ ဒုက္ခတွေ ကင်းဝေး လာရတာပေါ့ကွာ၊ မောင်မင်းကြီးသား၊ မယ်မင်းကြီးသားများ ရေအကျိုး ၁၀ပါး မတောင်းဘဲနဲ့ တစ်လုံးတစ်ဝတည်း ရကြပါစေ၊ ဒါနဲ့မသိလို့ မေးပါရစေဦး၊ အခုလိုရတဲ့ငွေတွေနဲ့ မင်းတို့စည်ပင်သာယာရေးဦးစီး ဌာနက ဘယ်လိုစီမံခန့်ခွဲပြီး ရွာတွေမှာ ရေတွင်းတွေ တူးပေးနေသလဲ သိချင်လို့ပါကွာ”

“ပြီးခဲ့တဲ့ နဝမအကြိမ် အလှူငွေပေးအပ်ပွဲအထိ ရတဲ့အလှူငွေ တွေနဲ့ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှာ ၁၃၁၃ရွာ၊ အခြားပြည်နယ်/တိုင်း တွေမှာ ၂၈၇ရွာစုစုပေါင်းကျေး ရွာ၁၆၀၀မှာ ရေရရှိရေးလုပ်ငန်း ၁၇၉၃ခု ဆောင်ရွက်ပေးခဲ့ပါတယ်၊ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေတွေနဲ့ အပူပိုင်းဒေသမှာ ၄၉၀၄ရွာ၊ အခြားပြည်နယ်/တိုင်း တွေမှာ ၅၀၉၅ရွာ စုစုပေါင်းကျေးရွာ ၉၉၉၉ ရွာမှာ လုပ်ငန်းပေါင်း ၁၄၄၀၁ ခု ဆောင်ရွက်ပေးခဲ့ပါတယ်။ လူမှုရေးအဖွဲ့အစည်းတွေ၊ နိုင်ငံ တကာ အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ပေးတာတွေပါ ထည့်ပေါင်း လိုက်ရင် အပူပိုင်းဒေသမှာ ကျေးရွာ ၇၁၅၇ရွာ၊ လုပ်ငန်းပေါင်း ၁၀၀၄၄၊ အခြားပြည်နယ်/တိုင်းများမှာ ကျေးရွာပေါင်း ၇၁၅၂ရွာ၊ လုပ်ငန်းပေါင်း ၁၀၄၃၀၊ တစ်နိုင်ငံလုံးကျေးရွာစုစုပေါင်း ၁၄၃၀၉ရွာမှာ လုပ်ငန်းပေါင်း ၂၀၄၇၄ခု လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါက ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေး နှစ်ကုန်အထိ နဝမအကြိမ် အလှူငွေအပါအဝင် ဆောင်ရွက်ပြီးစီးမှုပါ၊ အခု၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင် သာယာရေးအဖွဲ့ ရန်ပုံငွေအပြင် ဒသမအကြိမ် လှူဒါန်းငွေတွေနဲ့ ရေခက်ခဲနေတဲ့ ရွာတွေကို ဆက်တူးပေးဦးမှာပါ ဘကြီးဖြိုး”

“အင်း...နည်းနည်းနောနော ဆောင်ရွက်နိုင်တဲ့ အောင်မြင်မှု မဟုတ်ပါလားကွာ၊ တော်တော်ကြီးကျယ်တဲ့ စီမံကိန်းကြီးပဲကွ”

“ဟုတ်ပါတယ်ခင်ဗျား၊ နိုင်ငံတော်အကြီးအကဲက အပူပိုင်းဒေသ ကျေးလက်ပြည်သူတွေ ခံစားနေရတဲ့ ရေဒုက္ခကို သိရှိပြီးဖြေရှင်းဖော်ဆောင် ပေးခဲ့တဲ့ စီမံကိန်းကြီးပါ၊ စီမံကိန်းကာလကို ၁၀နှစ်လို့ သတ်မှတ်ထား ပေမယ့် အခုဆိုအပူပိုင်းဒေသမှာ ၈၉ ရာခိုင်နှုန်းအထိ ပြီးစီးအောင်မြင် နေပါပြီ၊ မကြာခင် ၁၀နှစ်မပြည့်မီ စီမံကိန်းကြီးပြီးစီးအောင် ကြိုးစား နေကြပါတယ်”

“တစ်ခုတော့ရှိတယ်နော်၊ အရင်တုန်းက ဒို့နယ်တွေမှာ ရေတွင်းတွေ တူးခဲ့ဖူးကြတယ်။ ဒါတွေပျက်စီးပြီး သုံးမရလို့ အခုမင်းတို့ တစ်ကနေ ပြန်စပြီး လုပ်ခဲ့ကြရတာမဟုတ်လား။ ဒီတော့ မင်းတို့ အခု တူးပြီးတဲ့ တွင်းတွေလည်း နှစ်ရှည်လများ မပျက်မစီးဘဲ သုံးလို့ရနေဖို့ အရေးကြီးတယ် ကွ၊ ဒါမှ ရေဒုက္ခခံစားနေရသူတွေကို ကယ်တင်ဖြေရှင်းပေးရာရောက်မယ် မဟုတ်လား”

“မှန်ပါတယ် ဘကြီးဖြိုး၊ အကြီးအကဲတွေကလည်း ဒီအချက်ကို ကြိုတင်မျှော်တွေးပြီး ဒီလိုမျိုးမဖြစ်ရအောင် ကြိုတင်စီမံပေးထားပါတယ်။ အရင်က ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းပုံမှာ တည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့တွေပဲရှိတယ်။ သူတို့ကပဲ လမ်း တံတားတွေ၊ ရေတွင်းရေကန်တွေ စတဲ့ မြို့ပြ၊ ကျေးလက် စည်ပင် သာယာရေးလုပ်ငန်းတွေ တည်ဆောက်ပေးတာရော၊ ပြုပြင်ထိန်းသိမ်း ပေးတာရော ဆောင်ရွက်ရတယ်။ လုပ်ငန်းများပြားလာတဲ့အခါ မနိုင်မနင်း ဖြစ်မှာစိုးလို့ အခုပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ မြို့နယ်စည်ပင်သာယာရေး အဖွဲ့တွေမှာ **ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်** ဆိုပြီး စက်မှုအင်ဂျင်နီယာ များနဲ့ တိုးချဲ့ဖွဲ့စည်းပေးခဲ့တယ်။ တည်ဆောက်ရေးအဖွဲ့တွေက ရှေ့က တည်ဆောက်သွားခဲ့တာတွေကို ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွေက အမြဲ လိုက်လံစစ်ဆေး ပြုပြင်ထိန်းသိမ်းဖို့ပါပဲ၊ အခုဆိုရင် အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှာ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များဟာ လုပ်ငန်းသုံးခုကို လုပ်နေပါတယ်။ ဘာတွေလဲဆိုတော့ တူးပြီးတဲ့စက်ရေတွင်းတွေကို လိုက်လံစစ်ဆေးခြင်း၊ ပျက်စီးချွတ်ယွင်းမှုများ ပြင်ဆင်ပေးခြင်းနဲ့ စက်ရေတွင်းတွေ ကိုင်တွယ်ထိန်းသိမ်းမယ့် ကျေးရွာရေပေးရေး ကော်မတီဝင်များအား သင်တန်းပေးခြင်းတို့ ဖြစ်ပါတယ်။ အခုထိ ကျေးရွာ ၂၃၈၈ ရွာမှာ ၄၇၄၁ ကြိမ် လိုက်လံစစ်ဆေးပေးပြီး ၇၆၃ တွင်းကို ပြုပြင်ပေးခဲ့ပါတယ်။ သင်တန်းအနေနဲ့လည်း ၁၉၂၉ ရွာမှ သင်တန်းသား ၄၄၉၄ ဦးကို သင်တန်းပေးပြီး ဖြစ်ပါတယ်။ ဒါမှ တည်ဆောက်ပြီးလုပ်ငန်းတွေ ရေရှည် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်၊ နိုင်ငံတော်နဲ့ အလှူရှင်တွေရဲ့ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းတူးဖော်ပေး ထားတဲ့ စက်ရေတွင်းတွေ ရာသက်ပန်သုံးစွဲနိုင်ဖို့ ကျွန်တော်တို့ ပြုပြင် ထိန်းသိမ်းရေးအဖွဲ့တွေက အစဉ်အလာနဲ့အညီ အမြဲကြိုးပမ်း ပြင်ဆင်ပေး သွားပါ့မယ်လို့ ကတိပေးပါတယ်ခင်ဗျာ”။ ။

ဝမ်းသာအားရ

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေရှားပါးသည့် ညောင်ပင်သာ ကျေးရွာ၌ လေးလက်မစက်ရေတွင်း တူးဖော်ပေးခဲ့ရာ ရေများထွက်ရှိလာသဖြင့် ကျေးလက်ပြည်သူများ ဝမ်းသာအားရပျော်ရွှင်နေကြစဉ်။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက် အေးချမ်းတည်ငြိမ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရာသက်ပန်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၂၉ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မန်စီမြို့နယ် မန်သာကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊ နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုကို ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ရာသက်ပန် ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မန်သာကျေးရွာ စည်းရုံးရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ဗန်းမော်ခရိုင် အတွင်းရေးမှူးက လက်ခံရယူသည်။ ထို့နောက် ဝန်ကြီးသည် ကျောင်းနေအရွယ် ကလေးများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မန်စီမြို့နယ် စီခန်းကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ စီခန်းကြီးကျေးရွာ စည်းရုံးရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ပြီး ဗဟို အတွင်းရေးမှူးက ကျောင်းနေအရွယ် ကလေးများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများ ထောက်ပံ့ကာ စီခန်းကြီး ကျေးရွာ မူလတန်းလွန်ကျောင်း ဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအတွင်းရေးမှူးသည် ညနေပိုင်းတွင် ဟန်ထက်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ ပြည်သူများအား တွေ့ဆုံသည်။

ဗဟိုအတွင်းရေးမှူးသည် ဇူလိုင် ၃၀ရက် နံနက်ပိုင်းတွင် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး မှာကြားပြီး ဗန်းမော်မြို့နယ် အတွင်းရှိ ကျောင်းနေအရွယ်ကလေး များအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ မဘိမ်းမြို့နယ် မိုးလှိုင်ဘုရားကြီး ဘက်စုံပြုပြင်ရေး အတွက် အလှူငွေကျပ် ၁၀သိန်းလှူဒါန်း သည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး သည် မိုးမောက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်း မှာကြားသည်။

ဆက်လက်၍ အောင်မြေကျေးရွာ စည်းရုံးရေးမှူးက ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ များကို ပေးအပ်ရာ ပြည်နယ်အသင်း အတွင်းရေးမှူးက လက်ခံပြီး ဗဟို အတွင်းရေးမှူးက ကျောင်းနေအရွယ် ကလေးများအတွက် ကျောင်းသုံး ပစ္စည်းများနှင့် မခွယ်ဒေသအတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဝတ်စုံများထောက်ပံ့ပေးအပ် သည်။ ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်း ထွန်းနှင့် ဦးယောဟန်တို့က စာကြည့် တိုက်အတွက် ရန်ပုံငွေနှင့် စာအုပ်များ ကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး သည် တာပိန်မြစ်ကူးတံတားသို့ ရောက် ရှိပြီး တံတားပြုပြင်ထိန်းသိမ်း စောင့် ရှောက်ထားမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး သည် မြို့သစ်မြို့သို့ရောက်ရှိပြီး မြို့သစ် ကျောင်းတိုက် ဆရာတော် ဦးဂန္ဓမာနှင့် သံဃာတော်များအား ဖူးမြော်ကန်တော့ ၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း သည်။ ထို့နောက် မြို့သစ်ဒေသမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာများကို ပေးအပ် ရာ ဗန်းမော်ခရိုင် အတွင်းရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး သည် ကျောင်းနေအရွယ် ကလေးများ အတွက် ကျောင်းသုံးပစ္စည်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝတ်စုံများကို ထောက်ပံ့ပေးအပ် သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မိုးမောက်မြို့နယ် မခွယ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး အသင်းဝင်အဆိုပြုလွှာများကို လက်ခံသည်။ ဆက်လက်၍ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများနှင့် ကျေးလက်စာကြည့်တိုက် အတွက် ရန်ပုံငွေများကို ဖြည့်ဆည်း ပေးအပ်ပြီး မခွယ်ကျေးရွာ အထက် တန်းကျောင်းခွဲ၌ ဒေသခံပြည်သူများ နှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒေါ့ဖုန်းယန်မြို့သို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ တင်ပြချက် များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေး သည်။ ဗဟိုအတွင်းရေးမှူး၏ ကချင် ပြည်နယ် ခရီးစဉ်အတွင်း အသင်းဝင် အဆိုပြုလွှာပေါင်း ၆၄၃၈ စောင် လက်ခံ ရရှိခဲ့သည်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အောင်မြေကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာများကို ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၄ ရက်က ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီတော် အနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေသရ (မဟာဂန္ထဝါစကပဏ္ဍိတဓမ္မာစရိယ) အမှူးပြုသော ကျိုက်မရောဇာတိ ကျောင်းထိုင်ဆရာတော်ကြီးများအား အသင်းနာယက ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် (ငြိမ်း)၊ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အသင်းသူ၊ အသင်းသားများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ပြည့်စုံအေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၃

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် သုနန္ဒာလမ်း ပြည့်စုံအေး မဟာစည် သာသနာ့ရိပ်သာကျောင်း တိုက် ပဓာနနာယက ဘဒ္ဒန္တသုဇာတ အား အမှူးထား၍ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဩဂုတ် ၁၉ရက် (ဝါခေါင်လပြည့်) သောကြာ နေ့တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပ မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၁-၆၉၀၀၃၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဝါတွင်း ရက်ကိုးဆယ် တရားစခန်းနှင့် ဥပုသ် အထူးတရားပွဲများကိုလည်း ဆရာတော် က ဟောကြားမည်ဖြစ်သည်။(က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၈၈ လမ်း၊ အမှတ် (၅၁) နေ ဒုတိယဗိုလ်မှူးကြီးအေးကျော် (လေ-ငြိမ်း)၁၀ နှစ်မြောက်အား ရည်စူး၍ ဇနီး ဒေါ်ခင်မြမြသွင်၊ သား ကိုကျော်ဦးမော်၊ သမီး မကျော့ကျော့စံ၊ မိသားစု တို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

ရန်ကုန် ဩဂုတ် ၃

ဗီဒီယိုလုပ်ငန်းအဆင့်အတန်း ခေတ်မီတိုးတက်မြင့်မားလာစေရေးနှင့် ဗီဒီယိုလုပ်ငန်းရှင်များ၏ လုပ်ငန်းခွင်ချောမွေ့ပြေပြစ်ရေးတို့အတွက် ဗီဒီယို အခြေခံအဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းနှင့် ခရိုင်ဗီဒီယိုအခြေခံအဖွဲ့များ ပြန်လည် ဖွဲ့စည်းရေးတွင် တာဝန်ထမ်းဆောင် နိုင်သူများ အဆိုပြုလွှာတင်သွင်းကြရန် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ကြေညာချက်တစ်ရပ် ယနေ့ထုတ်ပြန်သည်။

ယင်းကြေညာချက်တွင် အမှုဆောင်အဖြစ်တာဝန်ယူရန် အဆိုပြုလိုသူ များသည် ဗီဒီယိုနှင့် ကာရာအိုကေလုပ်ငန်းကို ထုတ်လုပ်၊ ဖြန့်ချိ၊ ရိုက်ကူး၊ တည်းဖြတ်၊ ကူးယူ၊ ငှားရမ်း၊ ပြသ(လက်ဖက်ရည်ဆိုင် ပြသမှုများမပါ)လုပ်ငန်း လိုင်စင်ရယူပြီး လုပ်ငန်းကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အမှုဆောင် တာဝန်အတွက် ထိုက်သင့်သောအချိန်ပေးနိုင်သူဖြစ်ရမည် စသည်ဖြင့် ဖော်ပြ ထားသည်။

အဆိုပါ အဆိုပြုလွှာများကို ရန်ကုန်တိုင်းအတွက် ဩဂုတ် ၁၅ရက်နှင့် ကျန်ပြည်နယ်/တိုင်း နှင့်ခရိုင်များအတွက် ဩဂုတ် ၂၅ရက်နောက်ဆုံးထား ပြီး ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို) အမှတ်(၁၆) ဝင်္ကပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်သည်။ (သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာအုပ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ရွတ်ဆို ပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိ တော် ကောက်နုတ်ချက်များ၊ မင်းကွန်း တိပိဋကဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ မဟာထေရ် ရေးသားချီးမြှင့် သည့်အဘိဓမ္မာအခါတော်နေ့ကျူးရင့်သံ စာအုပ်များကို ဒုတိယအကြိမ်အဖြစ် ပြည်နယ်နှင့် တိုင်းများရှိ အဘိဓမ္မာ အသင်းခွဲများ၊ ဓမ္မစကြာနှင့် အဘိဓမ္မာ အသင်းခွဲများသို့ ပေးပို့ထားပြီးဖြစ်ရာ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်) များနှင့် ဆက်သွယ်ရယူကြပါရန် ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွား ရေးအသင်းကြီးက နှိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။	မျိုးချစ်တပ်မတော်
၅:၀၀	၉။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် -"Judicial System in Myanmar." (ပထမနှစ်-ဥပဒေပညာ)**
၅:၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	**ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၉)**
၆:၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၃)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	မြဝတီရဲ့မြဝတီ
	၂၂။	**အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ -သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ စေတနာဂုဏ်အဖြာဖြာ**
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ကန္တာတောခြေ "(အပိုင်း-၁၆)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

✧ ရှေ့ဖုံးမှ

လွိုင်လင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးစိုင်းညီညီအောင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဦးစိုင်းမင်းထက်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးစိုင်းခမ်းလော၀်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားကြီးကို တက်ရောက်လာကြသူများအားလုံးသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် တည်ဆောက်ရာတွင် ဆူးငြောင့်ခလုတ်အနှောင့်အယှက် အဟန့်အတား အဖျက်အမှောင့်အန္တရာယ်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ရန်အတွက် စုဝေးရောက်ရှိလာကြခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

လိုအပ်ချက်များဖြစ်သည့်အတွက် ဒေသ...
မြှုပ်နှံတည်ဆောက်နေခြင်းသည် ခေတ်မီ...
သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆော...
ကောင်းများပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တ...
အင်အားသည် ပဓာနအကျဆုံးဖြစ်ကြောင်...
စည်းလုံးညီညွတ်ရေး မြင့်မားသည့်အ...
အားကောင်းပြီး နိုင်ငံတော်ကို တည်ဆော...
အလာများလည်းရှိခဲ့ပါကြောင်း၊ တိုင်းရင်း...
အချင်းချင်း တစ်ဦးနှင့်တစ်ဦး သည်းခံခွင့်...
ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရှေးရှု...
ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ...
အလေးအနက် ပြောကြားလိုပါကြောင်း...

**"ပြည်တွင်းပြည်ပ အဖျက်သမား...
စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" ...
နှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့...**

တစ်ဦးနှင့်တစ်ဦး သည်းခံခွင့်လွှတ်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွ...
အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စော...

မိမိတို့ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွင် တောင်သူလယ်သမားဦးရေ ၁၈၄၄၉၅ဦး၊ အလုပ်သမားဦးရေ ၁၂၉၃၁ဦး၊ ဝန်ထမ်း ၂၄၂၀၅ ဦး၊ စီးပွားရေးလုပ်ငန်းရှင် ၆၀၁၁၁ ဦး၊ ကျောင်းသားလူငယ် ၁၆၄၄၉၀ နှင့် ကျန်အသင်းဝင် ၄၈၅၄၄ ဦး စုစုပေါင်း ၄၉၄၇၇၆ ဦးရှိပြီဖြစ်ပါကြောင်း၊ မိမိတို့အသင်းကြီးနှင့် ပြည်နယ်အတွင်း၌ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပြီး အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော အင်အားစုကြီးအဖြစ် နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားရမှာဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးခံယူချက်ရှိသူများကသာ နိုင်ငံတော်ကို တိုးတက်အောင်ဖန်တီးနိုင်မှာဖြစ်သကဲ့သို့ ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်နိုင်မှာလည်း ဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

မိမိတို့ ရှမ်းပြည်နယ် အပါအဝင် ကျန်ပြည်နယ်နှင့်တိုင်းအားလုံးသည် ယခင်ကတည်းက ပြည်ထောင်စုကြီးအဖြစ် တည်ရှိဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးမှ ခွဲထွက်ရေးလုပ်ရပ်များကို တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပါအဝင် တစ်နိုင်ငံလုံးက ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်း၊ ကျွန်ဝါဒကိုင်စွဲသူ စဝ်ခမ်ဖ၏ လုပ်ရပ်ကို ရှမ်းပြည်နယ်မှ ရိုးသားသည့် တိုင်းရင်းသားအားလုံးက ဆန့်ကျင်ကြောင်း၊ ရှုတ်ချကြောင်း၊ ဘယ်တော့မှ ပြည်ထောင်စုက ခွဲထွက်ရေးမှုနောက်လိုက်မှာမဟုတ်ကြောင်းကို ရှမ်းပြည်နယ်အတွင်းမှာရှိသည့် တိုင်းရင်းသားအားလုံး၏ကိုယ်စား ပြောကြားလိုက်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားများ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးနှောင့်ယှက်မည့် အဖျက်အန္တရာယ်ဟူသမျှကို တွန်းလှန်ဖယ်ရှားသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး ဦးတည်ချက်များသည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးစလုံးကို လွှမ်းခြုံထားသည့် ဦးတည်ချက်များဖြစ်သည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို စနစ်တကျ အစီအမံများရေးဆွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် ကဏ္ဍအားလုံးသည် ယခင်ကနှင့်မတူဘဲ အချိန်တိုအတွင်းမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ဆိုသည်မှာ မည်သူမျှမငြင်းပယ်နိုင်သည့် အကြောင်းတရားများဖြစ်ကြောင်း။

အခြေခံအုတ်မြစ်

ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲထူထောင်မည်ဆိုလျှင် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေးတောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသည့်

**"ပြည်တွင်းပြည်ပ အဖျက်သ...
ပတိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့...**

စည်းလုံးမှုဖြင့်...

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် တ...
ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်...
ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြ...
ဒီမိုကရေစီထွန်းကားပြီး အေးချမ်းသ...
ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်...
ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြ...

ဆွေးနွေး

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းညွန့်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီသီခိုင်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းကျော်ဌေးက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး"နှင့်ပတ်သက်၍ ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာသင်းသင်းလေးက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်သူများ...

☆ နိုင်ငံဖွံ့ဖြိုး...
အင်အား...

☆ အမျိုးသာ...
တို့၏အင်...
ဆောက်...

လိုအပ်ချက်များဖြစ်သည့်အတွက် ဒေသစုံ၊ကဏ္ဍစုံ၌ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းသည် ခေတ်မီနိုင်ငံတော်သစ်နှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံးဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းမှာလည်း အမျိုးသား စည်းလုံးညီညွတ်ရေး မြင့်မားသည့်အခါ ပြည်သူတို့၏အင်အားသည် ပိုမိုအားကောင်းပြီး နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်သည့် သမိုင်းအစဉ်အလာများလည်းရှိခဲ့ပါကြောင်း၊ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး သည်းခံခွင့်လွှတ်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရှေးရှုကာ အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားရမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါကြောင်း။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

...း၏ အကျိုးစီးပွားကို ရှေးရှု ...း ကာကွယ်စောင့်ရှောက်

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းတင်ထွေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စည်းလုံးမှုဖြင့် ကာကွယ်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီထွန်းကားပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ရောက်ရှိမှာဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်သည့်နေရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် ပြည်သူလူထုအပေါင်းတို့သည်လည်း အသင်းကြီးနှင့် သဘောထား ထပ်တူထပ်မျှရှိမည်ဟု အလေးအနက် ယုံကြည်သည့်အတွက် ထာဝစဉ်လက်တွဲ တည်ဆောက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံးဖြစ်

☆ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံးဖြစ်။

☆ အမျိုးသား စည်းလုံးညီညွတ်ရေး မြင့်မားသည့်အခါ ပြည်သူတို့၏အင်အားသည် ပိုမိုအားကောင်းပြီး နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်သည့် သမိုင်းအစဉ်အလာများရှိခဲ့။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးဝင်းညွန့်က **"ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ပြည်တွင်းပြည်ပ အဖျက်သမားများသည် တည်ငြိမ်အေးချမ်းမှုမရှိအောင်၊ စီးပွားရေးဆုတ်ယုတ်ကျဆင်းအောင်၊ တိုင်းရင်းသားများ အချင်းချင်း သွေးကွဲအောင် နည်းအမျိုးမျိုးဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိနေကြကြောင်း၊ ဤသည်တို့မှာ နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကြီးမားသည့် အဟန့်အတား အနှောင့်အယှက်များပင်ဖြစ်ကြောင်း၊ ယင်းဟန့်တားနှောင့်ယှက်မှုများကို ကြိုးပမ်းလုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လှုံ့ဆော်ဖန်တီးမှုများကို ပြည်သူလူထု အလွှာအသီးသီးတို့က နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းကာကွယ် တိုက်ဖျက်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

သောင်းကျန်းသူများဖြစ်သည့် ရွက်ဆစ်၏ SSA နှင့် အမည်တိတိကျကျမရှိဘဲ ရည်ရွယ်ချက်မဲ့၊ ဝါဒမဲ့ သောင်းကျန်းသူအုပ်စုများသည် မိမိတို့ပြည်နယ်အတွင်းမှာ တိုင်းရင်းသားပြည်သူများ၏ အိမ်များကို မီးရှို့ ဖျက်ဆီး၊ ပစ္စည်းဥစ္စာများကို လုယက်၊ ဓားပြတိုက်၊ ဗုံးထောင်မိုင်းခွဲ လူသတ်သည့် အကြမ်းဖက်မှုမျိုးစုံအပြင် လူမမယ်ကလေးများကို အတင်းအဓမ္မ လူသစ်စုဆောင်းနေကြကြောင်း၊ ထို့အပြင် တိုင်းရင်းသားကျေးရွာများကို မီးရှို့ခဲ့သည့်အတွက် ဟိုပုံးမြို့နယ်အတွင်းက ထီတစ်ခု၊ နောင်ဒေး၊ လွယ်မုံး၊

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးစိုင်းမင်းထက်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးစိုင်းခမ်းလောဝ်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပါမိုင်း (တောင်ရွာနဲ့မြောက်ရွာ)တို့မှ နေအိမ်၉၈လုံး မီးလောင်ဆုံးရှုံးပြီး လူဦးရေ ၄၈၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ အိုးအိမ်အပြင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် စာသင်ကျောင်းလည်း မီးထဲပါသွားခဲ့ကြောင်း။

အကောက်ကြံတိုင်တန်းနေ

NLD/SNLD နှင့် ၎င်းတို့ပါတီဝင်များကလည်း နိုင်ငံတော်က ဒီမိုကရေစီရေးအတွက် လမ်းပြမြေပုံရေးဆွဲပြီး ဆောင်ရွက်နေသည်ကို ပူးပေါင်းပါဝင်ရမည့်အစား နိုင်ငံရေးအရ ဖျက်လိုဖျက်ဆီးလုပ်ပြီး မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်ချင်နေကြကြောင်း၊ သူတို့၏ ဆရာကြီးများဖြစ်သည့် NCGUB၊ ABSDFနှင့် FTUB တို့ကလည်း ပြည်ပကစွန့်စား၊ကြံစားများ စားပြီး နိုင်ငံတော်ကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပိတ်ဆို့အောင် အမျိုးမျိုး အကောက်ကြံတိုင်တန်းနေကြကြောင်း။

ပြည်ပမီဒီယာများကလည်း တိုင်းရင်းသားလူမျိုးများ ဆင်းရဲတွင်းနက်အောင်၊ ရိုးသားပြီး အသိပညာအားနည်းသည့် အချို့တိုင်းရင်းသားပြည်သူများကို

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ယုံမှားသံသယတွေဖြစ်ပြီး သံသယတွေ တိုးပွားအောင် မဟုတ်မမှန် လုပ်ကြံဖန်တီး အကွက်ဆင်ပြီး မမှန်သတင်းတွေ ထုတ်လွှင့်နေကြောင်း၊ ယင်းလုပ်ရပ်များသည် ပြည်တွင်းပြည်ပက ပူးပေါင်း ညှိပိတ်ပြီး ပြည်ကြီးဖျက်မည့်အရေးကို ဝိုင်းဝန်းလုပ်ကြံနေကြခြင်းပင်ဖြစ်ကြောင်း။

မေလ ၇ ရက်နေ့ကလည်း အဖျက်သမားများသည် ပြည်ပဖိအားပေးလှုံ့ဆော်မှုများကြောင့် ပြည်တွင်း၌ မငြိမ်မသက်ဖြစ်စေရန် ရန်ကုန်မြို့ လူစည်ကားရာနေရာ သုံးနေရာတွင် ဗုံးထောင်ဖောက်ခွဲမှုတွေ ပြုလုပ်ခဲ့ကြသည့်အတွက် အပြစ်မဲ့ရဟန်းရှင်လူ ၂၃ဦးသေဆုံးပြီး ၁၄၉ဦးဒဏ်ရာရခဲ့ပါကြောင်း၊ ယင်းလုပ်ရပ်သည် အစိုးရကို ဆန့်ကျင်စိန်ခေါ်ခြင်းမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးကို ဆန့်ကျင်စိန်ခေါ်ခြင်းဖြစ်ကြောင်း၊ အစိုးရကို တိုက်ခိုက်ခြင်းမဟုတ် ပြည်သူလူထုတစ်ရပ်လုံးကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိသူများက သေသေချာချာ သိရှိနားလည်ကြမှာဖြစ်ကြောင်း။

အင်တိုက်အားတိုက်ပါဝင်

ပြည်သူအားလုံးတို့၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြသည့် ပြည်သူများသည် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပြီး တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို ကျရာအခန်းကဏ္ဍကနေ၍ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိနေကြပါကြောင်း။

သို့သော် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သည့်အဖျက်သမားများသည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▶



တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
အဆိုပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သောသီချင်းများ

မဟာဂီတ

၁။ ပညာရှင်အဆင့် (အမျိုးသား+အမျိုးသမီး)

(က) စုံသာမြိုင်လယ် (သီချင်းခံ)
(ခ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
(ဂ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဃ) တိမ်မှောင်ဝေကင်း (လောကနတ်)
(င) မင်းခမ်းတော်စုံ (သီချင်းခံ)
(စ) သောင်းကျေးဒီပါဖွေ (မွန်)
(ဆ) မြိုင်ခြေစုံသာ (အမျိုးသား) (ပတ်ပျိုး)
(ဇ) မိုးဒေဝါ (အမျိုးသမီး) (ပတ်ပျိုး)
(ဈ) လွမ်းဓလေ့ (ပတ်ပျိုး)
(ည) ခွာပြာသင်း (ပတ်ပျိုး)
(ဋ) ဝတီနန်း (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်(အမျိုးသား+အမျိုးသမီး)

(က) ရွှေယင်ပေါင်ငွေယင်ပေါင် (ပတ်ပျိုး)
(ခ) ဖြူပြာမှုယာ (ပတ်ပျိုး)
(ဂ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဃ) တောင်ယံတောကြီး (မွန်)
(င) ပန်းမြိုင်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား+အမျိုးသမီး)

(က) ညင်းညင်း (မွန်)
(ခ) မြဂန္ဓမာ (ပတ်ပျိုး)
(ဂ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
(ဃ) လက်ယာသပြေ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်(အမျိုးသား+အမျိုးသမီး)

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) သပြေသောင်းလုံး (ဘွဲ့)
(ဂ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)
(ဃ) ပပဝင်းဝင်း (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်(အမျိုးသား+အမျိုးသမီး)

(က) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ခ) မြိုင်ဟေမာ (ယိုးဒယား)
(ဂ) မော်ရုံဟေဝန် (ယိုးဒယား)
(ဃ) ညှင်းလေကသွေး (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်(အမျိုးသား-အမျိုးသမီး)

(က) သကြိန်မာသကူးသန်း (ကြိုး)
(ခ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ဂ) အတိုင်းမသိဘုန်းတော်ကြီး (ဘွဲ့)
(ဃ) မြမန်းဂီရိ (ယိုးဒယား)

ဓမ္မပူဇာတေး

၁။ ပညာရှင်အဆင့်(အမျိုးသား)

(က) စိတ် (ခင်မောင်ရင်)
(ခ) ဗုဒ္ဓသာသနာရောင် (ဉဩဘသောင်)
(ဂ) နေရဋ္ဌရာ (စိန်ပါတီ)
(ဃ) အိုဘယ့်ခရီးသည် (မောင်မောင်ကြီး)
(င) ပတ္တမြားပလ္လင် (ဂီတာစိမ်းမောင်)
(စ) လောကလူ့ဘုံ (ရတနာဘုံမောင်စု)
(ဆ) ဗောဓိပင်နှင့်ရွှေပလ္လင် (ဒေါ်ကြည်အောင်)
(ဇ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ဈ) တေဘုမ္မာ (စိန်ဂွန်းခင်မေ၊မောင်မောင်ကြီး)
(ည) သိကြားသာသနာ (ခင်မောင်ရင်)

၂။ ပညာရှင်အဆင့်(အမျိုးသမီး)

(က) မဟာတြိရတနာ (ရီရီသန့်)
(ခ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
(ဂ) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)
(ဃ) ကမ္ဘာမဏ္ဍိုင် (ဒေါ်ကြည်အောင်)
(င) ဇာတိအာဏာ (စိန်ဂွန်းခင်မေ)
(စ) ဝေဿန္တရာ (ရီရီသန့်)
(ဆ) ဖွားဖက်တော် (လေဘာတီမမြရင်)
(ဇ) မိဘမေတ္တာ (ဒေါ်ကြည်အောင်)
(ဈ) ကုသိနာရုံ (ဒေါ်ကြည်အောင်)
(ည) သာသနာ့ရောင်ခြည် (ခင်မောင်ရင်)

၃။ ဝါသနာရှင်အဆင့်(အမျိုးသား)

(က) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(ခ) အောင်နိမိတ် (ဒေါ်ကြည်အောင်)
(ဂ) အောင်ခြင်းရှစ်ပါး (မေရှင်)
(ဃ) မင်္ဂလာရှစ်ပါး (ပြည်ဘရှင်)
(င) ဝိပဿနာ (မောင်မောင်ကြီး)

၄။ ဝါသနာရှင်အဆင့်(အမျိုးသမီး)

(က) အလှူတော်မင်္ဂလာ (ခင်ခင်ညွန့်)
(ခ) စိတြဂီဝါ (ဒေါ်ကြည်အောင်)
(ဂ) မြတ်ရွှေတိဂုံ (မသိန်းဟန်)
(ဃ) အောင်ခြင်းရှစ်ပါး (မေရှင်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) ဗြဟ္မစိုရ် (ကိုထွန်းရွှေ)
(ခ) အမတမျိုးစေ့ (စန္ဒရားခွန်တင်ကြွယ်)
(ဂ) ဂုဏ်တော်ကိုးသွယ် (ကိုထွန်းရွှေ)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) သာသနာ့အမွေခံ (ဒေါ်ကြည်အောင်)
(ခ) ယောကျ်ားဆုပန် (လေဘာတီမမြရင်)
(ဂ) လမြတ်ဝါဆို (ခင်ခင်ညွန့်)
(ဃ) ရတနာသုံးဆူ (ရီရီသန့်)

၇။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်(အမျိုးသား)

(က) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)
(ခ) ဗြဟ္မစိုရ် (ကိုမြသောင်း)
(ဂ) စိန္တာမဏိ (စောင်းဦးဘသန်း)
(ဃ) မြတ်ဒေသနာ (သထုံဘသိန်း)

၈။ အခြေခံပညာ (၁၅-၂၀)နှစ်အဆင့်(အမျိုးသမီး)

(က) ဇေယျာရွှေမြေ (ငွေးငွေးမြင့်)
(ခ) ဒါနပါရမီ (တင်တင်မြ)
(ဂ) သုဝဏ္ဏသာမ (စိန်ပါတီ)
(ဃ) တေမိယ (မေရှင်)

၉။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်(အမျိုးသား)

(က) သုံးပါးရတနာ (တင်တင်မြ)
(ခ) ဆုတောင်းပတ္ထနာ (ကိုညွန့်လွင်)
(ဂ) မြတ်ရွှေတိဂုံ (ကိုမင်းနောင်)
(ဃ) သုဝဏ္ဏသျှံ (ပြည်လှဖေ)

၁၀။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်(အမျိုးသမီး)

(က) ကိုးဂုဏ်ရှင်မြတ်ဘုရား (မေဆွိ)
(ခ) ငါးဖြာအနန္တ (တင်တင်မြ)
(ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
(ဃ) မိဂဒါဝုန် (ယဉ်ယဉ်အောင်)

၁၁။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်(အမျိုးသား)

(က) သမ္ဗုဒ္ဓေ (ကိုမြသောင်း)
(ခ) နီလစိန်ရောင်ခြည် (ကိုမင်းနောင်)
(ဂ) မဟာဇနက (ဒေါ်ရင်ရင်)
(ဃ) စိတ်ထားလေးကောင်းရင်ဖြင့် (ထားထားဦး)

၁၂။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်(အမျိုးသမီး)

(က) ဂေါတမမြတ်ဘုရားဂုဏ် (တင်တင်မြ)
(ခ) အလှူတော်မင်္ဂလာ (ငွေးငွေးမြင့်)
(ဂ) မေတ္တာ (မြသက်မှူ)
(ဃ) သမ္ဗုဒ္ဓေစေတီတော် (ရီရီချို)

ခေတ်ဟောင်း/ကာလပေါ်တေး

၁။ ပညာရှင်အဆင့်(အမျိုးသား)

(က) မင်္ဂလာတော် (ဉဩဘသောင်)
(ခ) ရွှေသဇင် (ဂီတလုလင်ဦးကိုကို)
(ဂ) မြဘယက် (ဉဩဘသောင်)
(ဃ) ဘုံဓမ္မတာ (ဉဩဘသောင်)
(င) ဆင်ကြီးဂဋ္ဌုန်ချီ (ပျော်တော်ဆက်မတင်အောင်)
(စ) စွဲမက်တဲ့အာရုံ (ဉဩဘသောင်)
(ဆ) သိန်းထီဆုကြီး (နန်းတော်ရှေ့ဆရာတင်)
(ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(ဈ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)
(ည) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)

၂။ ပညာရှင်အဆင့်(အမျိုးသမီး)

(က) ဆယ့်နှစ်လရာသီ (မေမေဝင်း)
(ခ) လမြတ်ကဆုန် (ရီရီသန့်)
(ဂ) စည့်တော်ကြီး (ဦးဘခိုင်)
(ဃ) မြိုင် (မေလှမြိုင်)
(င) စကားဝါမြေ (ရီရီသန့်)
(စ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဆ) တောင်သူပျို (ဒေါ်ကြည်အောင်)
(ဇ) လယ်တောသူ (စိန်ပါတီ)
(ဈ) ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)
(ည) နွေဦးတေးသံ (မေလှမြိုင်)

၃။ ဝါသနာရှင်အဆင့်(အမျိုးသား)

(က) ချစ်ရတုထံတျာ (ကိုလေးမြင့်)
(ခ) ခေတ်ဆန်းချိန် (ရွှေညာမောင်)
(ဂ) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ဃ) စာဆိုစစ်သည် (စန္ဒရားထွန်းညွန့်)
(င) ဖန်ဆင်းသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)

၄။ ဝါသနာရှင်အဆင့်(အမျိုးသမီး)

(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) စာဆိုခံလလုံး (ဝင်းဦး)
(ဂ) စိမ်းရောင်စို (လေဘာတီမမြရင်)
(ဃ) ပြိုင်ပွဲကြီး (ထား)
(င) ကထိန်သင်္ကန်း (ဒေါ်စိန်ပါတီ)

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) ကျေးရွာဝါဒ (ကိုအံ့ကြီး)
(ခ) ရွှေမင်းဂံ (ကိုအံ့ကြီး)
(ဂ) တို့တောရွာ (ဉဩဘသောင်)
(ဃ) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) မေတ္တာဟူသည် (ထား)
(ခ) မေတ္တာစေတနာ (မေလှမြိုင်)
(ဂ) ရွှေစက်တော် (ရတနာမြင့်)
(ဃ) သမာဓိ (မအေးမိ)

၇။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်(အမျိုးသား)

(က) မြန်မာ့ထောပတ် (မြသက်မှူ)
(ခ) ကောက်ရိတ်ချိန် (မောင်ပွကြီး)
(ဂ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဃ) သူငွေးဝါဒ (နန်းတော်ရှေ့ဆရာတင်)

၈။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်(အမျိုးသမီး)

(က) ချစ်စရာ့ကိုယ်ရွှေတမာ (ရီရီသန့်)
(ခ) မြစ်ကြီးဧရာဝတီ (မြင့်မြင့်ခင်)
(ဂ) တောသူ့လုပ်ငန်း (သန်းသန်းမေ)
(ဃ) ပွဲကြိုက်မောင် (ဒေါ်ကြည်အောင်)

၉။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်(အမျိုးသား)

(က) တောဓလေ့ (ညီညီလေး)
(ခ) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
(ဂ) တောဓလေ့ရွာသာယာ (တင်အောင်လေး)
(ဃ) လုလင်ငယ်သွေး (ကိုမင်းနောင်)

၁၀။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်(အမျိုးသမီး)

(က) ဖိုးသာအောင် (မေသစ်)
(ခ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)
(ဂ) ကျွန်မတို့ရွာကလေး (တင်တင်မြ)
(ဃ) ကာယပညာတန်ဆောင် (ပန်တျာတင်တင်မြင့်)

၁၁။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်(အမျိုးသား)

(က) တောကဆွမ်းကျွေး (ရဲဘော်စန်းယု)
(ခ) ကျွန်တော့်ရည်မှန်းချက် (ခင်မောင်ချို)
(ဂ) အညာတစ်ခေါက် (ထွန်းထွန်းလေး)
(ဃ) မမေ့သောအညာ (သန်းထွန်းလေး)

၁၂။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်(အမျိုးသမီး)

(က) သတိရစရာလေးများ (အေဝမ်းတင်တင်လှ)
(ခ) စည်းကမ်း (မေလှမြိုင်)
(ဂ) မယ်ရွှေးလို့ဆင်ပါ့မယ် (ထား)
(ဃ) လက်ပံပွင့်ကောက်အရောက်လာမယ် (အေးအေးသွယ်နှင့်အဖွဲ့)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတွင် HIV တားဆီးကာကွယ်ရေး ထိထိရောက်ရောက် အလေးပေးဆောင်ရွက်နေ HIV ဖြစ်ပွားမှုအနည်းဆုံးဖြစ်သည့် မြန်မာနိုင်ငံကို လက်ညှိုးထိုးစွပ်စွဲနေသည်မှာ လုံးဝ မတရား

▶ စာမျက်နှာ ၉ မှ

နည်းအမျိုးမျိုးကိုအသုံးပြုပြီး စွပ်စွဲဟန့်တားနှောင့်ယှက်နေကြကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ လုပ်ရပ်ကို ကြည့်မည်ဆိုလျှင် မိမိနိုင်ငံနှင့်လူမျိုးများအပေါ် သစ္စာမရှိသည့်လုပ်ရပ်၊ အရိပ်နေအခက်ချိုးသည့်လုပ်ရပ်များဖြစ်သည်ဆိုသည်ကို ပြည်သူများအားလုံးက ထင်ထင်ရှားရှားသိရှိကြမှာဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်တိုးတက်ရာတိုးတက်ကြောင်းကို တားဆီးပိတ်ပင်နေသည့် ပြည်တွင်းပြည်ပအဖျက်လုပ်ရပ်များ ထပ်မံမပေါ်ပေါက်စေရေးအတွက် တိုင်းရင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တားဆီးကာကွယ်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

တစ်ဖက်သတ်လုပ်ဆောင်

ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်သီသီခိုင်က ဆက်လက် ဆွေးနွေးတင်ပြရာတွင် ပြည်တွင်းပြည်ပက အဖျက်သမားများသည် နိုင်ငံတော်တစ်ဝန်းလုံးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများ ဖြစ်ထွန်းနေသည်ကို မလိုလားမရှုဆိတ်ဖြစ်နေကြကြောင်း၊ အနောက်နိုင်ငံကြီးအချို့သည် သူတို့ကြိုးဆွဲရာ ကမည့်၊သူတို့လိုလားသည့် တစ်ပါတီ၊တစ်သင်းတစ်ဖွဲ့နှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒနှင့်အာဃာတကို အကြောင်းပြုဘက်လိုက်ပြီး ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်၏ ခလောက်ဆန်မှုကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် ကုန်သွယ်ရေး အရေးယူပိတ်ဆို့မှုများ တစ်ဖက်သတ်လုပ်ဆောင်မှုများ ပြုလုပ်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် စက်ရုံအလုပ်ရုံ ၁၆၀ပိတ်ပစ်ခဲ့ရပြီး အလုပ်သမား ၈၀၀၀၀ ကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ရပါကြောင်း။

ကုန်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ ထုတ်ကုန်ပစ္စည်းများ လျော့ကျခြင်းတို့ဖြစ်ပေါ်လာပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ပြည်သူများ အပြင်းအထန်ခံစားခဲ့ရကြောင်း၊ ဤသည်မှာ လူတစ်ဦးတစ်ယောက်ကောင်းစားရန် အကျိုးအတွက်သာဖြစ်ပြီး အပြစ်မဲ့ပြည်သူများကို များစွာ ထိခိုက်နစ်နာစေပါကြောင်း၊ ဤလုပ်ရပ်များထပ်မံမပေါ်စေရန်အတွက် ပြည်သူတို့၏အင်အားကိုရယူပြီး ကာကွယ်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့၏ ဓလေ့စရိုက်ကောင်းများကိုလည်း ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို တိုင်းတစ်ပါး၏ ယဉ်ကျေးမှုများနှင့် အရောမခံနိုင်ပါကြောင်း။

လက်တွေ့ပါဝင်နေ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင်လည်း မိမိတို့နိုင်ငံသားများ အားလုံးက ကျရာအခန်းကဏ္ဍကနေပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဆိုသည်ကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှိသူအားလုံးတို့က နားလည်သဘောပေါက်ပြီး လက်တွေ့ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူတို့သည် တပ်မတော်နှင့်အတူ လက်တွဲပြီး တိုက်ပွဲများဝင်ခဲ့ကြကြောင်း၊ ထို့မျှမက လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများ ချေမှုန်းရာတွင်လည်း တပ်မတော်နှင့်အတူ လက်တွဲခဲ့ကြကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများမှာလည်း ကူညီဆောင်ရွက်လျက် ရှိကြပါကြောင်း။

ဒါတွေကို သေသေချာချာ မသိနားမလည်၊ အမြင်တိမ်းစောင်းနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားလက်တစ်ဆုပ်စာတို့ကတော့ မြန်မာနိုင်ငံမှာ နိုင်ငံတော်အစိုးရက ပြည်သူများကို အတင်းအဓမ္မစေခိုင်းမှုများရှိတယ်ဆိုပြီး မဟုတ်မမှန်မီဒီယာတွေ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ဒါဟာမှန်ကန်မှုလုံးဝမရှိဘူးဆိုသည့်အကြောင်းမိမိပြတ်ပြတ်သားသားပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များကို လျစ်လျူရှုပြီးမိမိအကျိုးစီးပွားကို ရှေ့တန်းတင်ကာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးတွေကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်သည့်လုပ်ရပ်၊ မမှန်မကန် စွပ်စွဲပြောဆိုအပြစ်တင်ဝေဖန်ပုတ်ခတ်နေသည့် လုပ်ရပ်များရပ်တန်းကရပ်ကြပါတော့ဟုပြောချင်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏အရေးကို မိမိကိုယ်တိုင်မျှော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ပုံဖော်နေသည့် အချိန်အခါသမယဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးပြီး မိမိခြေထောက်ပေါ်ရပ်တည်နိုင်အောင် အရှိန်ယူကြိုးစားနေသည့်အချိန်လည်းဖြစ်ကြောင်း၊ ဤသို့သော အချိန်တွင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးများထုတ်လုပ်နေသယောင်၊ လူ့အခွင့်အရေးများ ချိုးဖောက်နေသယောင်၊ လူကုန်ကူးမှုများရှိနေသယောင်၊ ကလေးသူငယ်များအား စစ်မှုထမ်းခိုင်းနေသယောင်၊ အမျိုးသားညီလာခံကြီးကို အချိန်ဆွဲနေသယောင်

“ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး”နှင့် ပတ်သက်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယအရာခံဗိုလ်သာဟန် (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တစ်ခုပြီးတစ်ခု စွပ်စွဲချက်အမျိုးမျိုးဖြင့် အင်အားကြီးနိုင်ငံအချို့က မလိုမုန်းထား ဝေဖန်ပုတ်ခတ်နေကြခြင်းသည် မှန်ကန်မှုလုံးဝမရှိပါကြောင်း၊ အဘယ်ကြောင့် တစ်ဖက်စောင်းနင်း ဝေဖန်ပြောဆိုနေရသလဲဟု တိုင်းရင်းသားပြည်သူအားလုံး၏ ကိုယ်စားမေးလိုက်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ကလေးသူငယ်များ၏ အခွင့်အရေးကို အစဉ်ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များလည်း ရှိပြီးဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့၏ စေတနာ၊ စိတ်နေစိတ်ထားအရလည်း အဓမ္မစေခိုင်းမှုများကို ရှောင်ကြဉ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဥပဒေ၊ စည်းကမ်း၊ စည်းမျဉ်းတွေကို လေးစားလိုက်နာသည့်နိုင်ငံဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နှိမ်နင်းရေးနှင့် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးလုပ်ငန်းကိုလည်း အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းကျော်ဌေးက ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးဝင်းညွန့်နှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်သီသီခိုင်တို့ တင်သွင်းသွားသည့် **“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး”** အဆိုကို လူထု အစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

လိုလားတောင့်တ

ဆက်လက်၍ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကိုယ်စားလှယ် ဒေါက်တာဒေါ်သင်းသင်းလေးက **“ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး”**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မိမိတို့ပြည်သူအားလုံးသည် အမိနိုင်ငံတော်ကြီး ကောင်းကျိုးဖြစ်ထွန်းမှုကိုသာ လိုလားကြပါကြောင်း၊ အတိတ်က ခါးသီးသည့်သမိုင်းကို သင်ခန်းစာယူပြီးလက်ရှိ ပစ္စုပ္ပန်ကာလတွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်မည်၊ နောင်အနာဂတ်အတွက် အကျိုးရှိမည့်လုပ်ရပ်များကိုသာ လုပ်ကိုင်ဆောင်ရွက်ကြမည်။ ဤသည်မှာ ပြည်သူအားလုံး၏ အမှန်တကယ် လိုလားတောင့်တချက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် ယနေ့ကဲ့သို့ အချိန်အခါမျိုးတွင် အတိတ်သမိုင်းကကဲ့သို့အဖြစ်မျိုး လုံးဝ ပြန်အဖြစ်မခံနိုင်ကြောင်း၊ နိုင်ငံသားတိုင်း၊ အမိနိုင်ငံကို အမှန်တကယ်ချစ်မြတ်နိုးသည့်သူတိုင်း ပြည်ထောင်စုကြီး၏ တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုး၊ လွတ်လပ်ရေး၏ တန်ဖိုး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ တန်ဖိုးကိုနားလည်သဘောပေါက်ပြီး ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံသားတိုင်းအတွက် ဘယ်သောအခါမှ ပြင်ဆင်ပြောင်းလဲ၍မရနိုင်သည့် လက်ဆင့်ကမ်းဆောင်ရွက်ရမည့် အမျိုးသားရေးအမွေ၊ အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း။

စွက်ဖက်နှောင့်ယှက်မှု

ယနေ့အချိန်အခါတွင် နိုင်ငံတကာနယ်ပယ်၌ ဂုဏ်ဝင့်စွာရပ်တည်ပြီး အနှောင်အဖွဲ့ကင်းကင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရှိသည့် နိုင်ငံများသည် လက်ချိုးရေတွက်၍ရပါကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေပါကြောင်း၊ နိုင်ငံတော်ကို ပြည်ပနိုင်ငံအချို့နှင့် လက်တစ်ဆုပ်စာလူတစ်စုက လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပြင် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့လိုလားသည့် ပုံစံကို ရပ်လုံးပေါ်လာစေရန် ဖိအားပေး အကျပ်ကိုင်ခြင်းများ လုပ်ဆောင်လာကြကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏ လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်ကို

“ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး” အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ် ရှာင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးထွန်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထိပါးစေသည့် စွက်ဖက်နှောင့်ယှက်မှုများပင်ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးက လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၏တန်ဖိုးကို သဘောပေါက်ပြီး ဒို့တာဝန်အရေးသုံးပါးကို ထိပါးသူဟူသမျှ၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ဖန်တီးမှုဟူသမျှ၊ ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်ကို ထိပါးသူဟူသမျှကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်မှ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အမြန်ဆုံးဦးတည်ကြိုးပမ်းလျက်ရှိသကဲ့သို့ တစ်ဖက်မှာလည်း နိုင်ငံအတွင်းမှာ အခြေခံအုတ်မြစ်ကောင်းများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများ တစ်ပြေးညီဖြစ်စေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပြီး လက်တွေ့ကျကျ အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၆၈၆၃၇ဒသမ၆၆နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၅၀ကျော် အသုံးပြုပြီး ဆောင်ရွက်ခဲ့သဖြင့် နယ်စပ်ဒေသအားလုံး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း။

အလွန်အန္တရာယ်ကြီး

ဤနေရာတွင် မိမိအနေဖြင့် ဆွေးနွေးလိုသည့်အချက်တစ်ခုမှာ မကြာခင်က ထုတ်ဝေခဲ့သည့် HIV and National Security: Where are the links စာစောင်တွင် အာရှတိုက်နိုင်ငံများ၌ ဖြစ်ပွားနေသည့် HIV မျိုးကွဲများစွာသည် မြန်မာနိုင်ငံမှ စတင်ဖြစ်ပွားသည်ဟု မမှန်မကန်ဖော်ပြခဲ့ကြောင်း၊ လူထုပရိသတ်ကြီးလည်း စဉ်းစားသိရှိနိုင်ပါကြောင်း၊ ဤရောဂါသည် လူမှုဆက်ဆံရေးအပြုအမူများနှင့်သာ အဓိကကူးစက်ခြင်းဖြစ်၍ မိမိတို့ တစ်နိုင်ငံတည်းကိုကွက်ပြီး စွပ်စွဲခြင်းမှာ ဂုဏ်သိက္ခာကင်းမဲ့သည့် ကောက်ကျစ်သော လုပ်ရပ်၊ နိုင်ငံ၏ဂုဏ်သိက္ခာကိုစော်ကားသည့် လုပ်ရပ်ဖြစ်ကြောင်း၊ ၎င်းတို့ယခုကဲ့သို့ စွပ်စွဲခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာဖြစ်ပေါ်စေနိုင်ပြီး ဒေသတစ်ခုလုံးအတွက်လည်း အလွန်အန္တရာယ်ကြီးပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် HIVရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်အလေးပေးပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုအခြေပြုထားသည့် လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် တားဆီးကာကွယ်ဆောင်ရွက်လျက် ရှိကြောင်း၊ HIV ရောဂါသည် မြန်မာနိုင်ငံမှ ပျံ့နှံ့ခြင်းမဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံသည် HIV ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်နေသည်ကို WHO,UNAIDS,UNODC(ဂျနီဗာရုံးချုပ်နှင့် UNIDO, UNDP ဌာနေကိုယ်စားလှယ်များက ထောက်ခံကြပါကြောင်း၊ ထို့ပြင် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ကလည်း HIV ရောဂါဖြစ်ပွားစေရန်အားမပေးသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ထက်အဆပေါင်းများစွာ အခြေအနေ ဆိုးသည့် နိုင်ငံများကိုတော့ ဘာမျှမပြောဘဲ HIV ရောဂါဖြစ်ပွားမှု အနည်းဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကို လက်ညှိုးထိုးစွပ်စွဲစော်ကားနေသည်မှာ လုံးဝမတရားသည့် လုပ်ရပ်ဟု ပြောကြားလိုက်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ဆွေးနွေးရလျှင် နိုင်ငံတော်အစိုးရက ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး လျင်မြန်ချောမွေ့စေရန်အတွက် ပေ၁၈၀အထက်တံတားကြီးခုနစ်စင်း၊ ပေ၁၈၀အောက်တံတားအစင်း၄၃၀တို့ကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ရထားလမ်းသစ်မိုင်ပေါင်း ၂၈၁မိုင်နှင့် သံလမ်းမိုင်ပေါင်း ၁၄၆ဒသမ၁၁မိုင်ထိ တိုးတက်ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေပါကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလျက်ရှိသည့် ဤသို့သော အချိန်တွင် စက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုမှာလည်း အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အတွင်း၌ ၁၂၀ မဂ္ဂါဝပ်ထုတ်ပေးနိုင်သည့် တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ၅၄မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံနှင့် ၇၁၁၀ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် တာဆန်းရေအားလျှပ်စစ် စက်ရုံစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများအားလုံးပြီးစီးသွားပြီဆိုလျှင် မိမိတို့ပြည်နယ်တစ်ခုလုံးအတွက် သာမက တစ်နိုင်ငံလုံးလိုအပ်သည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆွေးနွေးရေးဆွဲလျက်ရှိ

ယင်းနောက် ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဒုတိယအရာခံဗိုလ်သာဟန်(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးတွင် လူတန်းစားအလွှာစုံမပါဝင်ဘူး၊ ကိုယ်စားလှယ်များ၏ သဘောဆန္ဒတွေ ထုတ်ဖော်ခွင့်မရဘူးစသည်ဖြင့် မတရားစွပ်စွဲဝေဖန်ပုတ်ခတ်မှုများပြောဆိုနေကြကြောင်း၊ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

❒ စာမျက်နှာ ၁၁ မှ

လူမျိုးကိုယ်စားလှယ်များ၊တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊အခြားဖိတ်ကြားသင့်သည့်ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့မှ ခေါင်းဆောင်များ စသည့်စုစုပေါင်းကိုယ်စားလှယ် ၁၀၀၀ ကျော်တို့သည် ကျယ်ကျယ်ပြန့်ပြန့် ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးရေးဆွဲလျက်ရှိကြပါကြောင်း။

နိုင်ငံတော်အနေဖြင့် အတိတ်က ဖြစ်ရပ်များအပေါ်သင်ခန်းစာယူပြီး ယခုအချိန်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးညီညွတ်ရေးကို ဦးစားပေးကြိုးပမ်းပြီး အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးကို ရှေးရှုဆောင်ရွက်လာခဲ့ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အသက်သွေးကြောပင်ဖြစ်ကြောင်း။

အခြေခံမူများချမှတ်ခဲ့

အမျိုးသားညီလာခံကြီးက အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းလိုက်ခေါင်းစဉ်၁၅ခုကို တစ်ခဲနက်သတ်မှတ်နိုင်ခဲ့ကြောင်း၊ အခန်း(၁)လမ်းညွှန်အခြေခံမူ (၁၀၄)ချက်ချမှတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံကို အခန်း(၂)တွင် ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် သက်ဆိုင်သောအခြေခံမူများကိုအခန်း(၃)တွင်ချမှတ်ခဲ့ကြောင်း၊ အခန်း(၄)၊(၅)၊(၆) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊တရားစီရင်ရေးဆိုင်ရာအခြေခံမူများအနက် ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများလည်း ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည် ဖော်သွားနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်မာစွာချမှတ်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ဤမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူတန်းစားအလွှာပေါင်းစုံ ပါဝင်သောအစုအဖွဲ့ ရှစ်ဖွဲ့မှကိုယ်စားလှယ်ပေါင်း၁၀၀၀ကျော်ဖြင့် ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကြီးကို ယခင်ကထက်ပိုမိုကျယ်ပြန့်ခမ်းနားစွာ ဆက်လက်ကျင်းပခဲ့ပါကြောင်း။

ရည်ရွယ်ချက်ရှိရှိ

ညီလာခံမကျင်းပမီ ယခင်ညီလာခံသို့ တက်ရောက်ခဲ့သော တရားဝင်နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် အရွေးချယ်ခံ ကိုယ်စားလှယ်များထံသို့ တာဝန်ကျေပွန်စွာဖိတ်ကြားခဲ့ပါသေးကြောင်း၊ သို့ရာတွင် အရွေးချယ်ခံပါတီအဖွဲ့အစည်းတချို့သည် ရည်ရွယ်ချက်ရှိရှိဖြင့် ဆန့်ကျင်လာခဲ့ကြကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံကြီးအချို့၏အလိုကျ အနောက်ဒီမိုကရေစီ ပုံတူကူးရေးနှင့်အာဏာကိုဖြတ်လမ်းက ရယူရေးအတွက်ကြောင့်ပင် ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါမှာ တစ်မျိုးသားလုံးသင့်မြတ် စည်းလုံးစွာဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထူထောင်သွားကြမည့် အချိန်အခါကောင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကိုမှန်ကန်သည့်အမျိုးသားနိုင်ငံရေးလမ်းစဉ်နှင့်အညီ ပြည်သူများ၏ ဆင်ခြင်တုံတရားနှင့် အသိတရားရင့်ကျက်မှု၊ လောကပါလတရားများစောင့်ထိန်းမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့်သာ တည်ဆောက်သွားရမှာ ဖြစ်ပါကြောင်း။

မိမိတို့တွင် ကိုယ်ပိုင်အမျိုးသားရေးခံယူချက်၊ ကိုယ်ပိုင်အမျိုးသား နိုင်ငံရေးလမ်းကြောင်း ခိုင်ခိုင်မာမာရှိပြီးဖြစ်ပါကြောင်း။

ရှင်သန်တိုးတက်

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့် နိုင်ငံတော်ကို သစ္စာစောင့်သိပြီး မျိုးချစ်စိတ်ဓာတ် ရှိနေရမည်၊ ပြည်သူလူထုတစ်ရပ်လုံး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးတက်နေရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်သည် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပေါ်ထွန်းလာရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် လက်တွေ့အကောင်အထည်ဖော်သွားရမည့် နိုင်ငံရေးအစီအစဉ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ထောက်ခံလျက် ညီညီညွတ်ညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် ရှောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးထွန်းက ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ဒေါက်တာဒေါ်သင်းသင်းလေးနှင့် ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ် ဒုတိယအရာခံဗိုလ်သာဟန်(အငြိမ်းစား)တို့ တင်သွင်းသွားသည့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အတည်ပြု

ယင်းနောက်လူထုအစည်းအဝေးသဘာပတိ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးတင်ထွေးက လူထုအစည်းအဝေးအဆိုနှစ်ရပ်ဖြစ်သည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့် **"ဒို့တာဝန်အရေးသုံးပါးကိုခံယူ၍ နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** တို့ကို လူထုအစည်း အဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားကိုရယူရာ တိုင်းရင်းသားပြည်သူများက တညီတညွတ်တည်းသဘောတူကြသည့်အတွက် ယင်းအဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး လူထုအစည်းအဝေးကို နံနက် ၁၀နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

❍ ပုသိမ်-မုံရွာမှ

သရူးချောင်းတံတားတည်ဆောက်ရန် လျာထားတံတား အုကြောင်းနေရာသို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၁၆၆/၄)ရှိဇယာချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မုန်းချောင်းတစ်ဘက်ကမ်းမှ ကဖွန်းမအထိ တံတားကြီးငယ် ၁၆ စင်း တည်ဆောက်ရမည်ဖြစ်သည်။ ယခုအခါ ကိုးစင်းပြီး၍ သုံးစင်းဆောင်ရွက်ဆဲဖြစ်ပြီး လေးစင်းဆောင်ရွက်ရန်ကျန်ရှိသည်။ တံတားများနှင့်အတူ လမ်းပိုင်းဆိုင်ရာလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးသည် ဩဂုတ် ၂ရက် နံနက်ပိုင်းတွင် ပဒါန်းမြို့မှ ပုသိမ်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်း ထားရှိမှုများကို စစ်ဆေး သည်။

ထို့နောက် ဝန်ကြီးက ပုသိမ်-မုံရွာလမ်းကို ကတ္တရာလမ်းအဆင့်ထိ ရောက်ရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ခင်းပြီးကတ္တရာလမ်းများ ပျက်စီးမှုနည်းပါးအောင် အမြဲပြုပြင်ထိန်းသိမ်းသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် ပန်းတောင်း-တောင်ကုတ်လမ်း၊ဥသျှစ်ပင်-ပြည်အပိုင်းလမ်း တံတားလုပ်ငန်းများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်-မုံရွာလမ်း၊ ဥသျှစ်ပင်-မင်းတုန်းအပိုင်း ၅၂ မိုင် ၇ ဖာလုံမှာ ကတ္တရာလမ်းအပိုင်းဖြစ်၍ မင်းတုန်းနှင့် ပဒါန်းအပိုင်း ၅၁ မိုင် ၅ ဖာလုံ၌ ကတ္တရာခင်းရန် ၁၈ မိုင် ၂ ဖာလုံသာ ကျန်ရှိသည်။

ဘွက်ကြီးတံတား

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယနေ့နံနက်ပိုင်းတွင်ပြည်မြို့မှရန်ကုန်-ပြည်-မန္တလေးလမ်း တစ်လျှောက် လမ်း၊တံတား လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မိုင်တိုင် (၁၉၄/၀) မှ (၂၀၀/၀)အကြား လမ်းတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တံတား အမှတ်(၄/၂၁၂) ဘွက်ကြီးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် တံတားအုကြောင်းနှင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှုတို့ကို စစ်ဆေးသည်။

ဘွက်ကြီးတံတားမှာ ပင်မတံတားအရှည် ပေ ၆၀၀၊ ပြည်ဘက်ကမ်းချဉ်းကပ်တံတားပေ ၆၅၀နှင့် အောင်လံဘက်ကမ်း ပေ ၅၂၀ရှိ၍ စုစုပေါင်းပေ ၁၇၇၀ရှိမည်ဖြစ်သည်။

မူလတံတားဟောင်းမှာ R.P.T သံပေါင်နှင့် ဘေလီတံတား အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၁၂ပေသာရှိ၍ ကုန်တင်ယာဉ်များမှာ တန်ချိန်အကန့်အသတ်ဖြင့်သာ သွားလာနေရသဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဝန်လေးယာဉ်ကြီးများပါ အခက်အခဲမရှိသွားလာနိုင်ရန် နှစ်လမ်းသွားတံတားအဖြစ် တိုးမြှင့်တည်ဆောက်နေခြင်းဖြစ်သည်။

(သတင်းစဉ်)

✻ စစ်ကိုင်းတိုင်းမှ

ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးငွေ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ဓါတ်ငွေ့သုံးအသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ခဲ့ရာ နတ်ကောင်းစဉ်ကျေးရွာ၌ ငွေကျပ်သိန်း ၅၀ အကုန်အကျခံ၍ လျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ်ကိုလည်းကောင်း၊ ပျဉ်တောကျေးရွာ၌ ငွေကျပ်၅၃သိန်း အကုန်အကျခံ၍ လျှပ်စစ်ဓာတ်အား(၁၅)ကီလိုဝပ်ကိုလည်းကောင်း ထုတ်လုပ်နိုင်သဖြင့် ကျေးရွာများအတွင်း နေ့စဉ်ညနေ၆နာရီမှ ည၁၀နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့သည် ဘုတလင်မြို့နယ်ရှိ မဟာလောကမာရဇိန်စေတီတော်အားဝင်ရောက်ဖူးမြော်၍ အလှူငွေများ လှူဒါန်းကြသည်။ ယင်းနောက် ဘုတလင်မြို့နယ် သခွတ္တနယ် ကျေးရွာသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များ၊ ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း၇၅၀ အကုန်အကျခံ၍တည်ဆောက်ပြီးစီးနေပြီဖြစ်သော တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့သည် ညောင်ကန်ကျေးရွာတွဲဖက်အခြေခံပညာ အထက်တန်းကျောင်းခွဲကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်သည်။

(သတင်းစဉ်)

ခရစ်ကက်အခြေခံ နည်းပြသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ လှုငယ် အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ကျင်းပသော ခရစ်ကက် အခြေခံအားကစားနည်းပြ သင်တန်း(၁/၂၀၀၅) ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ဥက္ကဋ္ဌ ထပ်ဆင့်အကယ်ဒမီဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ဦးကျော်ကျော်နှင့် ဦးမောင်မောင်၊ အထွေထွေအတွင်းရေးမှူး အကယ်ဒမီဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အခြေခံအားကစားနည်းပြလောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နည်းပြနှင့် သင်တန်းသားများအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး ဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကိုဩဂုတ် ၁၄ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၅

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	FIFA World Sport အပိုင်း(၂)
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	သံချည်သံကွေးအတတ်ပညာ အပိုင်း(၁)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅	အချိန်တိုင်းနေရာတိုင်း (ပရိဂျူဆာမင်းဦး)
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ပြည်သူ့အတွက်ကျန်းမာရေး (အရေပြားလေးဖက်နာရောဂါ မေးမြန်းခန်း)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ
၁၀း၅၀	မီးအပူပေး ပြုပြင်ခြင်း နည်းပညာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သုံးမျိုးစုံပြိုင်ပွဲအတွက် လမ်းကြောင်းသတ်မှတ် ပြိုင်ပွဲဝင်များအား ဦးစားပေးမောင်းနှင်ရန် မေတ္တာရပ်ခံ

ရန်ကုန် ဩဂုတ် ၃

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် သုံးမျိုးစုံ (TRITHLON) ပြိုင်ပွဲလူရွေးပွဲကိုဩဂုတ်၅ရက် နံနက်၇နာရီတွင် ကန်တော်ကြီး ကန်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မီတာ၁၅၀၀ရေကူး၊ ကီလိုမီတာ၄၀စက်ဘီးနှင့် ၁၀ကီလိုမီတာ အပြေးပြိုင်ပွဲများပါဝင်မည်။

မီတာ၁၅၀၀ရေကူးပြိုင်ပွဲကို ကန်တော်ကြီးကန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကီလိုမီတာ၄၀စက်ဘီးပြိုင်ပွဲကို ကန်တော်ကြီး တင့်ကားကုန်းမှ စတင်တာထွက်၍ ကန်တော်ကြီးညာပတ်လမ်းအတိုင်း ဗဟန်းအဝိုင်းမှ ကမ္ဘာအေးစေတီ လမ်းတစ်လျှောက်၊ ရှစ်မိုင်လမ်းဆုံအထိ၊ ရှစ်မိုင်လမ်းဆုံမှ ပြည်လမ်းအတိုင်း စီးနင်းပြီး ပြန်လှည့်ကာ နဝဒေးရုပ်ရှင်ရုံ ရှေ့၌ပန်းဝင်မည်။ ၁၀ကီလိုမီတာအပြေးပြိုင်ပွဲကို နဝဒေးရုပ်ရှင်ရုံရှေ့မှတာထွက်၍ ကမ္ဘာအေးစေတီလမ်းအတိုင်း မြေပဒေသာကျွန်းညာပတ်လမ်းမှ ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှဖြတ်၍ အထက(၁)တာမွေရှေ့ကရဝိက်ဥယျာဉ်ဂိတ်(၂)မှ ဝင်ကာ ကရဝိက်နန်းတော်ရှေ့တွင် ပန်းဝင်ရမည်ဖြစ်သည်။

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ဩဂုတ် ၅ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပြိုင်ပွဲကျင်းပရာ လမ်းတစ်လျှောက်တွင် ပြိုင်ပွဲဝင်အားကစားသမားများအား ဦးစားပေး၍ သတိပြုမောင်းနှင်ပေးကြပါရန် သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားသည်။ (ကြေးမုံ)

ဆက်ကပ်

ရဝေနွယ်(အင်းမ)က အလှူငွေကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန (၂)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဩဝါဒါစရိယဆရာတော် အရှင်ဆန္ဒာဓိကနှင့်ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ဆက်ကပ်စဉ်။ (က-ပ)

အမှာစကား ပြောကြား

သိမ်ကြီးဈေး အေရုံ၊ ဘီရုံ နှစ် (၁၀၀)ပြည့် ရာပြည့်ပွဲတော်ကို ဇူလိုင် ၃၁ ရက်က ပန်းဘဲတန်းမြို့နယ်ရှိသိမ်ကြီးဈေးဘီရုံ၌ ကျင်းပရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင် အမှာစကားပြောကြားစဉ်။ (က-ပ)

အဆိပ်သင့်မှုအန္တရာယ် သုတေသနလုပ်ငန်းများ ခေတ်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက် တွေ့ရှိချက်များ လက်တွေ့အသုံးချနိုင်ရန်စီမံ

ရန်ကုန် ဩဂုတ် ၃

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန အဆိပ်သင့်မှုဆိုင်ရာ သတင်းဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝ ဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နီးနွယ်သော ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ သုတေသနပညာရှင်များ၊ ကျန်းမာရေးဆိုင်ရာ စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် စာရင်းအရ ကမ္ဘာတစ်ဝန်းတွင် ဓာတုပစ္စည်းများနှင့် ဆေးဝါးများကို တိုးတက်သုံးစွဲလာကြောင်း၊ လယ်ယာနှင့် စက်မှုသုံးဓာတုပစ္စည်းများကြောင့် ဖြစ်စေ၊ ဆေးဝါးများနှင့် သဘာဝအဆိပ်များကြောင့်ဖြစ်စေ အဆိပ်သင့်မှုသည် လူဦးရေ သန်းတစ်ဝက်ခန့်ရှိကြောင်း သိရှိရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စက်မှုလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ လယ်ယာသုံး ဓာတုပစ္စည်းများမှတစ်ဆင့် အဆိပ်အတောက်ဖြစ်ခြင်း၊ အစားအစာနှင့် ပတ်ဝန်းကျင်မှတစ်ဆင့် အဆိပ်သင့်မှုဖြစ်ခြင်း၊ အိမ်သုံးဆေးဝါးအမျိုးမျိုးတို့အား မမှန်မကန်သုံးစွဲခြင်းကြောင့် အဆိပ်အတောက်ဖြစ်စေခြင်း စသည့် ကျန်းမာရေး ပြဿနာများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်လာနိုင်ဖွယ်ရာရှိနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အဆိပ်သင့်မှု ကုသရေးနှင့် ပတ်သက်သည့် အခက်အခဲကြုံတွေ့ရသည့် လတ်တလောပြဿနာတစ်ခုမှာ အဆိပ်ဖြစ်စေသည့် ပစ္စည်းကို မသိရှိခြင်းကြောင့်ဖြစ်ကြောင်း။

ပြည်သူ့ ကျန်းမာရေးလုပ်ငန်းတွင် အဆိပ်သင့်မှုအန္တရာယ်ကို ကာကွယ်ထိန်းချုပ်မှုသည် အရေးကြီးသည့် အခန်း၌ ပါဝင်နေသည့်အတွက် ယခုအခါ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တွင် အဆိပ်အန္တရာယ် ကာကွယ်ထိန်းချုပ်ရန် ရည်ရွယ်ပြီး နိုင်ငံတော်မှ ငွေကြေးကျပ်သိန်းပေါင်း မြောက်မြားစွာ အကုန်အကျခံကာ အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန (National Poison Control Centre) တစ်ခု ဖွဲ့စည်းဖွင့်လှစ်ထားကြောင်း။

ထို့ကြောင့် နိုင်ငံတော်အဆင့်ရှိ ခေတ်မီသည့် အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာနကြီး ပေါ်ထွက်လာပြီးနောက် ထိုအဆိပ်သင့်မှုအန္တရာယ် ကာကွယ်တားဆီးထိန်းချုပ်ရန် လုပ်ငန်းများကို ခေတ်နှင့်အညီ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားကြရန်လည်း လိုလာကြောင်း၊ အဆိပ်သင့်နိုင်သည့် အန္တရာယ်များ ကာကွယ်တားဆီးရေးဆိုင်ရာအသိပညာပေးမှုများကိုကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း၊ ထို့အပြင် အဆိပ်သင့်အန္တရာယ် ဖြစ်ပွားနိုင်ခြေများကိုလည်း စဉ်ဆက်မပြတ် စူးစမ်းထောက်လှမ်းရန်လည်း လိုအပ်ကြောင်း၊ အရေးပေါ် အဆိပ်သင့်မှုဖြစ်လာလျှင်လည်း အမြန်ဆုံး ထိန်းချုပ်နိုင်ရန် ပြည်သူလူထု လိုက်နာကြရမည့် အချက်အလက်များကို ကြိုတင်ပြီး အသိပညာပေးထားရန်လည်း လိုအပ်ကြောင်း၊ အဆိပ်သင့်မှုအန္တရာယ်နှင့် ပတ်သက်သော သုတေသန လုပ်ငန်းများကိုလည်း ခေတ်နှင့်တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်ပြီး ရရှိလာသည့် သုတေသနတွေ့ရှိချက်များကို အများပြည်သူလူထုအတွက် လက်တွေ့ အသုံးချနိုင်သည်အထိ စီမံဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန အဆိပ်သင့်မှုဆိုင်ရာ သတင်းဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဖွင့်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးက ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဩဂုတ် ၄ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၃

၁၃၆၇ ခုနှစ် ဝါဆိုလကွယ် ဩဂုတ် ၄ရက် ကြာသပတေးနေ့ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အဖွဲ့ဝင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို အသံလွှင့်ဟောကြားတော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် စိန္တာရာမကျောင်းတိုက်တွင် ထပ်ဆင့်ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် စာအောင် သံဃာတော် ပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စိန္တာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ ဆရာတော်ဦးစီး၍ ဆရာတော်ကြီးနှင့် စာအောင် သံဃာတော် ၂၄ ပါး၊ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် (ကြာနီကန်ကျောင်း) ဆရာတော် ဦးရေဝတ(ဝါးခယ်မ)၏ (၅၈)နှစ်ပြည့် မွေးနေ့အတွက် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်နှင့် မျက်စိခွဲစိတ် ကိရိယာအတွက် အလှူငွေကျပ် ၁၁၁၅၀၀ ကို လှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံရယူစဉ်။ (က-ပ)

ရန်ကင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ် (၄)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘောလုံးအသင်း အင်ဒိုနီးရှားသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၃

၂၀၀၅ခုနှစ် ဩဂုတ်၅ရက်မှ၁၉ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် ၂၀၀၅ခုနှစ် အာဆီယံအသက်(၂၀)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမားစုစုပေါင်း အားကစားအဖွဲ့ဝင် ၂၃ဦးပါဝင်သည့် မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့မွန်းလွဲပိုင်းတွင်လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

အဆိုပါ မြန်မာလူငယ်ဘောလုံးအသင်းအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရန်ကုန် ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြစ်အတွင်း စုန်ဆန်မျောပါနေသည့် အမှိုက်များကြောင့် ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးကို ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ ထို့အပြင် ဖော်ပြပါဒိုက်၊ အမှိုက်များကြောင့် ရန်ကုန်မြစ်အတွင်း သွားလာနေကြသည့် ကူးတို့စက်လှေများတွင် ပန်ကာဒလက်များ၌ ဒိုက်၊ အမှိုက်များရစ်ပတ်မှုကြောင့် စက်လှေများမျောပါကာ သင်္ဘောကြီးများနှင့်တိုက်ခိုက်မိပြီး ခရီးသည်များ အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါသည်။

၃။ သို့ပါ၍ ၁၉၀၅ ခုနှစ် မြန်မာ့ဆိပ်ကမ်းအက်ဥပဒေပုဒ်မ ၆၅ဖြင့်လည်း မြစ်အတွင်း ပစ္စည်းများစွန့်ပစ်ခြင်းကို တားမြစ်ထုတ်ပြန်ထားရှိပါ၍ ရန်ကုန်တိုင်းအတွင်းရှိ မြစ်ချောင်းများအတွင်း အမှိုက်၊ ဒိုက်များ စွန့်ပစ်ခြင်းမပြုရန် သတိပေးတားမြစ်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စက်ချုပ်သင်တန်း ဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော စက်ချုပ်သင်တန်း အမှတ်စဉ် (၁) ဆင်းပွဲကို ဩဂုတ် ၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး စက်ချုပ်သင်တန်း ပထမဆုရ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရေးဝန်ထမ်း မမေမျိုးဆုအား ခရိုင်အမျိုးသမီးရေးရာ ကြီးကြပ်ရေးအဖွဲ့မှ လူနေမှုဘဝမြှင့်တင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်သီတာဝင်းက ဆုချီးမြှင့်သည်။

(ယာပုံ) (ပြန်/ဆက်)

စစ်ကိုင်းတိုင်း နတ်ကောင်းစဉ်ကျေးရွာနှင့် ပျဉ်တောကျေးရွာတို့၌ ဇီဝဓာတ်ငွေ့သုံး အသေးစားလျှပ်စစ်ဓာတ်အားပေး စက်ရုံများဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃

စစ်ကိုင်းတိုင်း ကနီမြို့နယ် နတ်ကောင်းစဉ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစက်ရုံ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဇီဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက **"ဒို့ကျေးရွာမီးလင်းပြီ"**ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် လောင်စာထည့်ကန်၊ ဓာတ်ငွေ့ထုတ်နေရာ၊ စွန့်ပစ်ပစ္စည်း ပြန်လည်ထုတ်သည့်နေရာ၊ လျှပ်စစ်ဓာတ်အားထုတ်သည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကနီမြို့နယ် ပျဉ်တောကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင်၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးလက်မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းမှူးက **"ဒို့ကျေးရွာမီးလင်းပြီ"** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နတ်ကောင်းစဉ်ကျေးရွာနှင့် ပျဉ်တောကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအစီအစဉ်ကို ပျဉ်တောကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးက နတ်ကောင်းစဉ်ကျေးရွာအတွက် ၂၁ လက်မရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က ပျဉ်တောကျေးရွာအတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခမ်းအနားကို ရုပ်သိမ်း၍ တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကနီမြို့နယ် နတ်ကောင်းစဉ်ကျေးရွာနှင့် ပျဉ်တောကျေးရွာတို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးမှုဖြင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ✻

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပုသိမ်-မုံရွာ လမ်းမပေါ်ရှိ သပြေချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၃

စစ်တောင်း မြစ်ရေသည် ယနေ့ နံနက် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၇ စင်တီမီတာ (ပေဝက်ခန့်) စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ခေါင်းကြီး၊ဆောင်းပါးအညွှန်း

☆ ***မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း အလေးထား ဖော်ဆောင်လုပ်ကိုင်လျက်ရှိသည်။***

ခေါင်းကြီး (စာမျက်နှာ-၂)

☆ ***စက်ရေတွင်းတွေ မောင်းလာဖန်များတော့ ရေကြောထဲမှာရှိတဲ့ သဲတွေက ပိုက်မှာရှိတဲ့ ဆန်ခါပေါက်တွေကို လာပိတ်ဆို့ပြီး ရေထွက်နည်းကုန်တာပေါ့၊ ဆန်ခါတွေ ပွင့်သွားအောင် လေဖိအားနဲ့ မှုတ်ထုတ်ပြီး ဆေးကြောပေးလိုက်ရင် ရေအလိုက် ပြန်မှန်တာပေါ့ကွာ၊ အမြဲတမ်း စစ်ဆေးပြုပြင်ပေးနေရင် ရေထွက်နှုန်း မကျတော့ပါဘူး။***

မောင်ဘဖေ(ဥသာ)၏ "ကျေးလက်စက်ရေတွင်းများ ရာသက်ပန်သုံးစွဲနိုင်ရေး အစဉ်ပြုပြင်ထိန်းသိမ်းပေး"

ဆောင်းပါး (စာမျက်နှာ-၆)

ပုသိမ်-မုံရွာလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည့် လမ်းများ ပျက်စီးမှုနည်းပါးအောင် အမြဲပြုပြင်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း (ပဒါန်း-မုန်းချောင်း)အပိုင်း လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးဘစောက မုန်းချောင်းတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မုန်းချောင်းတံတားသည် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း မိုင်တိုင်(၁၃၆/၆)၌ မုန်းချောင်းကို ဖြတ်သန်းတည်ဆောက်နေသော စုစုပေါင်း အရှည်ပေ ၉၄၀ ရှိ သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည်။

ယင်းတံတား ပြီးစီးပါက ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း) ကဇွန်းမနှင့် ဆောမြို့နယ်တို့၏ ဆက်သွယ်သွားလာမှု ပိုမိုချောမွေ့မြန်ဆန်လာမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး သပြေချောင်းတံတား၊ ပိတ်ဆည်ချောင်းတံတားနှင့် မကြီးချောင်းတံတားတို့ကိုကြည့်ရှု၍ **စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❍